# ကြေးမုံ

## The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 6 May 2026 ၁၂၁၇၀


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒ အမှာစကားပြောကြား လူငယ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်ကို အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်

နေပြည်တော် မေ ၅

၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဩဝါဒအမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**"လူငယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏ အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်ဝရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးကြရမည်"**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်းအလိုက် အထိမ်းအမှတ်အလံကို ကောဒသမတန်း လူရည်ချွန်မောင်မယ်များထံ ပေးအပ်စဉ်။

**ယနေ့ ဖတ်စရာ**


မိုးရာသီတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများ အကျိုးရှိရှိဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက် စာမျက်နှာ » ၅

မျိုးစစ်မျိုးမှန် ရည်သန်စိုက်ပျိုး ရော်ဘာကဏ္ဍပို့ကုန်တိုးစို့ ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားငါးဦး၊ အမျိုးသမီးတစ်ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် စာမျက်နှာ » ၉





ကြေးမုံ

# လွတ်လပ်ခွင့်ကို မှန်ကန်စွာအသုံးချ ငြိမ်းချမ်းသောအနာဂတ်ကို ပုံဖော်

၂၀၂၆ ခုနှစ် မေလ ၃ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့(World Press Freedom Day) အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာပေါ်ရှိ ဒီမိုကရေစီနိုင်ငံများတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိပါသည်။ အဆိုပါအထိမ်းအမှတ်အခမ်းအနားကို သတင်းလွတ်လပ်ခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အလေးအနက်ပြုရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ထိန်းသိမ်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံများက ကျင်းပကြရာ လက်ရှိအခြေအနေ အချိန်အခါနှင့်ကိုက်ညီသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံများက ဆောင်ရွက်ကြသည်။

အဆိုပါနေ့တွင် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အဆိုးရွားဆုံးအဆင့်တွင် ရှိနေသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂနှင့်ဗြိတိန်နိုင်ငံဆိုင်ရာသံရုံးက သတင်းထုတ်ပြန်ခဲ့သည်ကို ကြားသိရသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၈၀ တွင် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အဆင့် ၁၆၆ တွင်ရှိနေသည်ဟု စွပ်စွဲပြောကြားထားပြီး ၂၀၂၀ ပြည့်နှစ်က မြန်မာနိုင်ငံသည် အဆင့် ၁၃၉ တွင်ရှိသော်လည်း လက်ရှိတွင် မီဒီယာလွတ်လပ်ခွင့် အဆိုးရွားဆုံးနိုင်ငံ ၂၀ စာရင်းတွင် ထည့်သွင်းထားသည်။ အဆိုပါသတ်မှတ်ချက်မှာ နိုင်ငံရေးအရ လိုရာဆွဲပြီး စွပ်စွဲသတ်မှတ်ထားခြင်းသာဖြစ်သည်။ ဒီမိုကရေစီနည်းလမ်းတကျ၊ သတင်းစာပညာစံနှုန်းများအရ သွေဖည်နေသည်ကိုတွေ့ရသည်။

ဒီမိုကရေစီနှင့် သတင်းမီဒီယာ၊ ဒီမိုကရေစီနိုင်ငံနှင့် လွတ်လပ်သောသတင်းသမားသည် အမြဲဒွန်တွဲလျက်ရှိသည်။ ဒီမိုကရေစီသည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့်တရားမျှတမှုကို ဦးထိပ်ပန်ဆင်ထားသည်။ ဒီမိုကရေစီနှင့် လွတ်လပ်မှုသည် ဒွန်တွဲသည်ဆိုသော်လည်း လွတ်လပ်မှုတစ်ခုတည်းကို တန်ဖိုးထားခြင်းမဟုတ်ဘဲ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို တန်ဖိုးထားရမည်ဖြစ်သည်။ ကုလသမဂ္ဂနိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်-၁၉ တွင် လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ကြံဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ထိုအခွင့်အရေးသည် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်တစ်ခုတည်းမဟုတ်ဘဲ လက်ခံနားထောင်သူ၏ အခွင့်အရေးများနှင့် အချို့သောတာဝန်ယူမှုများကိုလည်း ထည့်သွင်းသတ်မှတ်ထားသည်။ ဒီမိုကရေစီမီဒီယာများအနေဖြင့် တိကျမှု၊ ဟန်ချက်ညီမှု၊ မျှတမှု၊ တစ်ပါးသူကို လေးစားမှုစသည့် တာဝန်များရှိသည်ဟု ဖော်ပြထားသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများသာမက မြန်မာနိုင်ငံတွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော၊ တာဝန်မဲ့သော၊ ကျင့်ဝတ်နှင့်မညီသော မမှန်ကန်သော သတင်းဖြန့်ချိမှုများ ပြန့်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ သတင်းမှားများသည် ဒီမိုကရေစီစနစ်ကိုသော်လည်းကောင်း၊ နိုင်ငံ၏ တည်ငြိမ်မှုကိုသော်လည်းကောင်း ထိပါးနေသည်ကိုတွေ့နိုင်သည်။ မီဒီယာလက်နက်ဖြင့် နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေး၊ တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်သကဲ့သို့ နိုင်ငံပျက်သုဉ်းရေး၊ စစ်မက်ဖြစ်ပွားရေးတို့ကို မီဒီယာလက်နက်ဖြင့်ပင် ဖျက်ဆီးနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ယနေ့နိုင်ငံအများစုတွင် သတင်းတု၊ သတင်းမှားများနှင့် အမုန်းစကားများပါဝင်သည့် မီဒီယာအဆိပ်သင့်မှုများ ကြုံတွေ့ခံစားနေရသည်။ မီဒီယာ၏ အဓိကကဏ္ဍမှာ အစိုးရနှင့် ပြည်သူအကြား တိုက်ရိုက်ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်သည်။

နိုင်ငံနှင့် ပြည်သူ အကျိုးစီးပွားကို ရှေးရှုကာ မှန်ကန်သောသတင်းများကို ကျင့်ဝတ်နှင့်အညီ ဖော်ထုတ်ရန်လိုအပ်သလို ပြည်သူလူထု၏ သဘောထားကို ပုံဖော်ရာတွင်လည်း အပြုသဘောဆောင်သည့် သဘောထားများ၊ မှတ်ချက်များနှင့် ဖြန့်ဝေဖော်ထုတ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို မှန်မှန်ကန်ကန် စနစ်တကျကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုအဖြစ်တည်ဆောက်ရန် ဆောင်ရွက်နေသည်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် ဥပဒေအရ လွတ်လပ်စွာရေးသားဖော်ထုတ်ပြောဆိုနိုင်ခွင့်များ ရရှိမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်နှင့်ဖွံ့ဖြိုးတိုးတက်မှုများလည်း မရှိမဖြစ်လိုအပ်မည်ဖြစ်သည်။ ယင်းလိုအပ်ချက်များကို လိုက်လျောညီထွေရှိရှိ ဟန်ချက်ညီညီ မျှမျှတတဆောင်ရွက်ပေးရန်လိုသည်။

ယနေ့ကာလတွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးအုပ်စုများက ဒီမိုကရေစီအသွင်ကူးပြောင်းစဖွံ့ဖြိုးဆဲနိုင်ငံများကို ဝင်ရောက်စိုးမိုးခြယ်လှယ်နိုင်ရန်အတွက် မီဒီယာသမားများကို လက်ကိုင်တုတ်အဖြစ် မွေးမြူအသုံးချလာကြသည်။ နိုင်ငံနှင့် ပြည်သူကို မျက်ကွယ်ပြုပြီး ၎င်းတို့လိုလားသည့်အတိုင်း ပုံဖော်သွတ်သွင်းထုတ်လွှင့်ဖော်ပြနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခကြီးထွားလာအောင်၊ ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်ရှိရှိ ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်နေကြသည်။ ယခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဆောင်ပုဒ်မှာ "Shaping a Future at Peace" "ငြိမ်းချမ်းသော အနာဂတ်ကို ပုံဖော်ခြင်း"ဟု သတ်မှတ်ထားသည်။

သို့ဖြစ်ရာ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဆောင်ပုဒ်နှင့်အညီ မီဒီယာများအနေဖြင့် အမြင့်ဆုံးဖြစ်သော ပရော်ဖက်ရှင်နယ် ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းလိုက်နာပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားများကို ရှေးရှု၍ ငြိမ်းချမ်းသောအနာဂတ်ကို ပုံဖော် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များအား အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာကာရံ၍ စနစ်တကျထိန်းသိမ်းမွေးမြူပါ။

၂။ ပြင်ပမှလူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်းဝင်ရောက်မှုအား ကန့်သတ်ပြီး "တာဝန်ရှိသူမှအပ မဝင်ရ" တားမြစ်ဆိုင်းဘုတ်ထားရှိပါ။

၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့်ခြံအသုံးပြုဖိနပ်အား ပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကိုဖြတ်သန်းပြီးမှ ဝင်ရောက်ပါ။

၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ရေခွက်)များအား ပုံမှန်ပိုးသတ်သန့်စင်ဆေးကြောပါ။

၅။ ခြံအတွင်း လုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။

၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျိအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြားအင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံအား ပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။

၇။ တိရစ္ဆာန်များအား အသုတ်လိုက်မွေးပြီး အသုတ်လိုက်ထုတ်ပါ။

၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိပြီး စနစ်တကျလိုက်နာဆောင်ရွက်ပါ။

၉။ မွေးမြူထားသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေး စနစ်တကျထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆက်သွယ်ရန်ဖုန်း - ၀၆၇၃၄၀၈၄၆၃

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၅**

ယနေ့နံနက် ၁၀ နာရီ ၄၀ မိနစ် ၅၅ စက္ကန့်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်ဘက် မိုင် ၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ကာမိုင်းမြို့၏ အနောက်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၅၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၅၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၅ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၁၄၈ | ၁,၉၂၄,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၄၀၀ | ၉၈၈ | ၆,၂၆၉,၈၀၀ |
| MCB | ၉,၅၀၀ | ၉,၅၀၀ | ၅၀ | ၄၇၅,၀၀၀ |
| FPB | ၄,၁၀၀ | ၄,၂၀၀ | ၅,၅၁၉ | ၂၂,၇၄၆,၄၀၀ |
| TMH | ၃,၁၅၀ | ၃,၁၅၀ | ၄၁ | ၁၂၇,၆၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၅,၁၇၂ | ၉,၃၁၄,၈၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၂ | ၈,၀၀၀ |
| MAEX | ၄,၀၀၀ | ၄,၁၀၀ | ၁၅၈ | ၆၄၆,၀၀၀ |
| MADPL(PLB) | ၃,၅၀၀ | ၃,၅၀၀ | ၁,၅၅၇ | ၅,၄၄၉,၅၀၀ |
| ASPGB(PLB) | ၄၀,၀၀၀ | ၃၈,၅၀၀ | ၂၄၅ | ၉,၄၃၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “နိုင်ငံတော်သစ်၏ စွမ်းအားရှင်များ” အစီအစဉ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

☆ ရွှေဖုံးမှ

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန် မောင်မယ်များ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် Naypyitaw State Academy သို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် လူရည်ချွန် မောင်မယ်များ၊ ရေကြောင်း လူငယ်နှင့် လေကြောင်းလူငယ် မောင်မယ်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် မောင်မယ်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက “နိုင်ငံတော်သစ်၏ စွမ်းအားရှင်များ”အစီအစဉ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန် မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဝန်ကြီးဌာနများအလိုက် ပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက “ထာဝရပညာ” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အခမ်းအနား တက်ရောက်လာကြသူများသည် “လူရည်ချွန် မောင်မယ်များမှသည် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ဆီသို့” Video Clip ကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဩဝါဒအမှာစကား ပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်လျှောက်လှမ်းသည့် အချိန်ကာလတွင် နိုင်ငံတော်က အားထားရသည့် လူရည်ချွန် မောင်မယ်များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်သည့် အခါတွင် မောင်တို့ မယ်တို့ကဲ့သို့ လူတော်လူကောင်း၊ လူရည်ချွန် လူရည်မွန်များ၏ စွမ်းအားနှင့် ပူးပေါင်းပါဝင်မှုသည် အထူးအရေးကြီးသည့်အတွက် လိုအပ်သည်များမှာကြားလိုကြောင်း။

**“လူရည်ချွန်”** ဆိုသည်မှာ ထူးချွန်ထက်မြက်သူ၊ အသိဉာဏ်ပညာပြည့်ဝသူ၊ အများထက်သာလွန်အောင် ကြိုးစားအားထုတ်နိုင်သူ၊ ပင်ကိုစွမ်းရည်မြင့်မားသူများ ဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် ထိုသို့အရည်အချင်းများနှင့် ပြည့်စုံကြသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် “**လူရည်ချွန်**” ဆိုသည့် ဂုဏ်ဒြပ်ကို ထိုက်ထိုက်တန်တန် အပ်နှင်းခြင်းခံရပြီး ယခုအချိန်တွင် ဂုဏ်သတင်းကောင်းနှင့် ကျော်စောသည့်သူများ ဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်ကြမည့် မျိုးဆက်သစ်လူငယ်များလည်း ဖြစ်ကြကြောင်း။

မောင်တို့ မယ်တို့သည် စာပေဘာသာရပ်များကိုသာ ကျွမ်းကျင်ပိုင်နိုင်ခြင်းမဟုတ်ဘဲ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ ဖွဲ့၊ လုံ့လ၊ ဝီရိယရှိမှု၊ တစိုက်မတ်မတ် လေ့ကျင့်မှုစသည့် ကာယ၊ ဉာဏစွမ်းအားများနှင့် စစ်ဆေး အကဲဖြတ်မှုအဆင့်ဆင့်ကို ယှဉ်ပြိုင်ကျော်ဖြတ်နိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် ရည်မှန်းချက် ပန်းတိုင်ကို အရောက် လှမ်းနိုင်ခဲ့သဖြင့် အောင်မြင်မှုများရရှိပြီး မိမိမိသားစု၊ မိမိကျောင်း၊ မိမိဒေသအတွက် ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အများကစံပြုထိုက်သည့်မောင်တို့မယ်တို့ကို ယခုကဲ့သို့ အခမ်းအနားကျင်းပပြီး တွေ့ဆုံဂုဏ်ပြုရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် လူငယ်များ၏အင်အားဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ **လူငယ်တိုင်းသည် နိုင်ငံကို ဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်ကို အကောင်အထည် ဖော်ကြမည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များပင်** ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ဗဟုသုတပြည့်စုံသည့် ပညာတတ် လူရည်ချွန် လူရည်မွန်များ ပေါ်ထွက်လာအောင် လူငယ်ကဏ္ဍနှင့် ပညာရေးကဏ္ဍကို အလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များသည် နိုင်ငံ၏ အနာဂတ်၊ နိုင်ငံ၏အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်ဝရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးကြရမည်ဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့်အစဉ်အလာနှင့် ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝတောတောင်ရေမြေများ၊ သယံဇာတအရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက် သွားကြရန်လည်း လိုအပ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

**☆ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် လူငယ်များ၏အင်အားဖြင့် တည်ဆောက်ရခြင်းဖြစ်**

**☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့်အစဉ်အလာနှင့် ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝတောတောင်ရေမြေများ၊ သယံဇာတအရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်လည်း လိုအပ်**

☆ စာမျက်နှာ ၃ မှ

နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်၊ ထိန်းသိမ်းကာကွယ်လိုသည့်စိတ် လူငယ်ထုအတွင်း ထာဝရ ကိန်းအောင်နေရန် အတွက် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်၊ လူရည်ချွန် စသည်ဖြင့် လူငယ်လူရွယ်များကို နယ်ပယ်အစုံတွင် နှစ်ပေါင်းများစွာ လေ့ကျင့်မွေးထုတ်ပေးနေခြင်း ဖြစ်ကြောင်း၊ အကြောင်း အမျိုးမျိုးကြောင့် အချို့နှစ်များတွင် ဆောင်ရွက်နိုင်ခြင်းမပြုနိုင်ခဲ့သော်လည်း ယခုလူငယ်များအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်အရည်သွေး မြင့်မားရေးကို အလေးထား ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လူရည်ချွန် စီမံကိန်းဆိုသည်မှာ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တ ကောင်းမွန်သည့်၊ ထူးချွန်ထက်မြက်ပြီး ဗလငါးတန်ပြည့်ဝသည့် လူကောင်းလူတော်များ၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများမှတစ်ဆင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာတတ်လူငယ်များ ပေါ်ထွန်းလာရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူအချင်းချင်း လူရည်ချွန် ရွေးချယ်ခံရသူများကို အားကျအတုယူလိုစိတ်၊ မိမိကိုယ်တိုင် လူရည်ချွန်ဖြစ်အောင် ကြိုးစားလိုစိတ်များနှင့် ကောင်းသောယှဉ်ပြိုင်မှုများနှင့် အဘက်ဘက်မှ လေ့လာသင်ယူလိုစိတ်များကို မြှင့်တင်ပေးခြင်းလည်းဖြစ်ကြောင်း၊ ထိုသို့ ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသည့် လူရည်ချွန်စီမံကိန်းသည် ဆယ်စုနှစ်များစွာ သန္ဓေတည် ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်း ရတနာများ မွေးထုတ်ပေးရာ အစဉ်အလာ ကောင်းသည့် ပညာရေးစီမံကိန်း တစ်ခုလည်းဖြစ်ကြောင်း၊ ယခင်က လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသူများသည် ယခုအချိန်တွင် နိုင်ငံ့တာဝန်များကို အဆင့်မြင့်စွာ ထမ်းဆောင်နေကြသူများရှိသကဲ့သို့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များနှင့် အဖွဲ့အစည်းများတွင်လည်း ပါဝင်အကျိုးပြုနေပြီကို မောင်တို့မယ်တို့ အသိပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ အသီးသီးတို့၌ လူရည်ချွန်ရွေးချယ်ခံခဲ့ရသူ ၁၂ ဦး ပါဝင်ကြောင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူနိုင်ရေး အသိပေးပြောကြားလိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒအမှာစကား ပြောကြားစဉ်။

နိုင်ငံတော်အနေဖြင့်၂၀၂၃ ခုနှစ်တွင် လူရည်ချွန် ၄၇၈ ဦး၊ ၂၀၂၄ ခုနှစ်တွင် လူရည်ချွန် ၅၅၄ ဦး၊ ၂၀၂၅ ခုနှစ်တွင် လူရည်ချွန် ၇၂၈ ဦး ရွေးချယ်နိုင်ခဲ့ကြောင်း။

ယခုနှစ် အခြေခံပညာကဏ္ဍတွင် နဝမတန်း လူရည်ချွန် ၉၆ ဦး၊ ဒသမတန်း လူရည်ချွန် ၁၃၂ ဦး၊ ဧကာဒသမတန်း လူရည်ချွန် ၁၃၃ ဦး၊ ဒွါဒသမတန်း လူရည်ချွန် ၉၉ ဦးနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် ပထမနှစ်လူရည်ချွန် ၁၄၈ ဦး၊ ဒုတိယနှစ် လူရည်ချွန် ၁၄၃ ဦး ရွေးချယ်နိုင်ခဲ့ပြီး စုစုပေါင်း လူရည်ချွန် ၇၅၁ ဦး မွေးထုတ်နိုင်ခဲ့ကြောင်း၊ လူရည်ချွန် ၇၅၁ ဦးတွင် ငါးထပ်ကွမ်းနှစ်ဦး၊ လေးထပ်ကွမ်း ၃၁ ဦး၊ သုံးထပ်ကွမ်း ၆၈ ဦး၊ နှစ်ထပ်ကွမ်း ၁၉၆ ဦးနှင့် ပထမအကြိမ် ရွေးချယ်ခံရသူ ၄၅၄ ဦး ပါဝင်ကြောင်း။

ထိုသို့ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များကို အစဉ်လေ့ကျင့်မွေးထုတ်ပေးနေပြီး နိုင်ငံအတွက် လိုအပ်သည့် **"အသိပညာအဆောက်အအုံ"** တောင့်တင်းခိုင်မာအောင် အုတ်မြစ်ချဆောင်ရွက်ပေးနေသည့် ပညာရေးဝန်ကြီးဌာနကိုလည်း အသိအမှတ်ပြုသည်ကို ပြောလိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ယခုနှစ် လူရည်ချွန် ကျောင်းသားလူငယ်များ၏ ထူးချွန်ထက်မြက်မှု၊ ကြိုးစားအားထုတ်မှုကို ဂုဏ်ပြုသည့်အနေဖြင့် နဝမတန်း လူရည်ချွန်များကို ပြင်ဦးလွင်လူရည်ချွန်စခန်း၊ ဒသမတန်း လူရည်ချွန်များကို အင်းလေးလူရည်ချွန်စခန်း၊ ဧကာဒသမတန်း လူရည်ချွန်များကို ငွေဆောင်လူရည်ချွန်စခန်း၊ ဒွါဒသမတန်း လူရည်ချွန်များကို နေပြည်တော် လူရည်ချွန်စခန်း၊ တက္ကသိုလ် ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန်များကို ချောင်းသာ လူရည်ချွန်စခန်းတို့သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း။

ယခုခရီးစဉ်သည် မိမိတို့၏ ကြိုးစားမှု၊ အရည်အချင်းနှင့် အစွမ်းအစများကြောင့် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သဖြင့် ယခုခရီးစဉ်တွင် ပါဝင်ခွင့်ရသည်ကို ဂုဏ်ယူတန်ဖိုးထားစေချင်ကြောင်း၊ ခရီးစဉ်တစ်လျှောက်တွင်လည်း မိဘပြည်သူများ၊ တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြိုဆိုကြမည်ဖြစ်ကြောင်း။

ထို့အပြင် ခရီးစဉ်အတွင်း ဒေသအသီးသီးမှ ပညာကိုတန်ဖိုးထားသည့် သက်တူ ရွယ်တူသူငယ်ချင်းများနှင့်တွေ့ဆုံပြီး အသိပညာများ ဖလှယ်နိုင်ကြမည် ဖြစ်သကဲ့သို့ ဒေသန္တရဗဟုသုတများ ရှာဖွေနိုင်ကြမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့နှင့် စုပေါင်းဆောင်ရွက်တတ်မှု၊ အများနှင့် လိုက်လျောညီထွေနေထိုင်တတ်လာမှုနှင့် အပြန်အလှန်နားလည်မှု၊ အချင်းချင်း ယုံကြည်လေးစားမှုနှင့် ခင်မင်ရင်းနှီးမှုများ ရရှိလာနိုင်မည်ဖြစ်သဖြင့် မိမိတို့ဘဝအတွက် အတွေ့အကြုံကောင်းများ ရနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်းအလိုက် အထိမ်းအမှတ်အလံကို နဝမတန်းလူရည်ချွန်မောင်မယ်များထံ ပေးအပ်စဉ်။

မောင်တို့မယ်တို့အနေဖြင့် မိမိတို့ရရှိထားသည့် လူရည်ချွန်ဟူသည့် ဂုဏ်ပုဒ်၊ အဆင့်အတန်းနှင့်အညီ ပြောဆိုနေထိုင်ပြုမူလုပ်ကိုင်မှုများကို မြှင့်တင်နိုင်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ **"အတ္တနှင့်ပရ"** မျှတမှုရှိအောင် ကျင့်ကြံနေထိုင်ကြရန်နှင့် ခေတ်စနစ်၏တိုးတက်မှုနည်းလမ်းများကို အမြဲမပြတ် ရှာဖွေနေရန် လိုအပ်သကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မှေးမှိန်ပျောက်ကွယ်မသွားအောင်လည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ လူငယ်ဘဝတွင် ရှိသင့်သည့် ကျင့်ဝတ်များဖြစ်သည့် သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များကို လိုက်နာနေထိုင်ကြရန်နှင့် မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ဘာသာတရား၏ အဆုံးအမနှင့်အညီ ကိုယ်ချင်းစာမှု၊ သည်းခံခွင့်လွှတ်မှုဟူသည့် အခြေခံစိတ်ဓာတ်ကောင်းများ မွေးမြူကြရမည်ဖြစ်ကြောင်း၊ အများကလေးစားအတုယူရမည့် စံပြပုဂ္ဂိုလ်များဖြစ်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

❖ **မောင်တို့မယ်တို့အနေဖြင့် မိမိတို့ရရှိထားသည့် လူရည်ချွန်ဟူသည့် ဂုဏ်ပုဒ်၊ အဆင့်အတန်းနှင့်အညီ ပြောဆိုနေထိုင်ပြုမူလုပ်ကိုင်မှုများကို မြှင့်တင်နိုင်အောင် ကြိုးစားသွားကြရမည်**

❖ **"အတ္တနှင့်ပရ" မျှတမှုရှိအောင် ကျင့်ကြံနေထိုင်ကြရန်နှင့် ခေတ်စနစ်၏ တိုးတက်မှုနည်းလမ်းများကို အမြဲမပြတ် ရှာဖွေနေရန် လိုအပ်သကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မှေးမှိန်ပျောက်ကွယ်မသွားအောင်လည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက "ထာဝရပညာ" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ စာမျက်နှာ ၄ မှ

ယခုကဲ့သို့ ၂၁ ရာစု အသိပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်မှာ ဘဝတစ်သက်တာ လေ့လာသင်ယူနေရန်၊ စွမ်းဆောင်ရည် ပြည့်ဝနေရန်လိုကြောင်း၊ ထိုသို့ဆိုပါက မိမိတို့ကိုယ်တိုင် အစဉ်အမြဲလေ့လာသင်ယူနေရန်နှင့် ပြင်ပဗဟုသုတနှင့် အသိပညာအတွက် စာအုပ်စာပေများ ဖတ်ရှုရမည်ဖြစ်ကြောင်း၊ **"ဖတ်လျှင် အမြင်ကျယ်၊ မှတ်လျှင် ပညာမြင့်၊ ကျင့်သော် အောင်မြင်၊ သင်သော် ထူးချွန်၊ ဘဝအတွက် စာကောင်းပေမွန်"** ဆိုသည့် စကားအတိုင်း စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကို စွဲစွဲမြဲမြဲ လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ပညာသင်ရာဌာနများဖြစ်သည့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင်လည်း လူငယ်စကားဝိုင်းများ၊ စာပေဟောပြောပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ပညာရေးနီးနှောဖလှယ်ပွဲများနှင့် လူငယ်များကို ဘက်ပေါင်းစုံ ထူးချွန်စေမည့်၊ ဗလငါးတန်ပြည့်ဝစေမည့် လှုပ်ရှားဆောင်ရွက်မှုများ ကျင်းပပေးကြရန် လေးလေးနက်နက် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ အများကြီး လိုအပ်ကြောင်း၊ ထို့ကြောင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရနှင့်အတူ မိဘများ၊ ဆရာများအပါအဝင် တာဝန်ရှိသူများနှင့် နိုင်ငံသားအားလုံးက တစိုက်မတ်မတ် အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**"လူရည်ချွန်"** ဟူသည့် ဂုဏ်



၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ဒွါဒသမတန်းမှ မောင်စွမ်းသူအောင်က ဂါရဝပြု ကျေးဇူးတင်စကားပြောကြားစဉ်။

သိက္ခာနှင့် လျော်ကန်သင့်မြတ်သည့် တာဝန်ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားရေးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန်၊ နိုင်ငံတကာ အသိုက်အဝန်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်းကြရန်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်များနှင့် စည်းလုံးညီညွတ်ပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**အထိမ်းအမှတ်လက်ဆောင် ပြန်လည်ပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် လူရည်ချွန် စခန်းအလိုက် အထိမ်းအမှတ်အလံများကို လူရည်ချွန်မောင်မယ်များ ထံပေးအပ်ပြီး လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း ဒွါဒသမတန်းမှ မောင်စွမ်းသူအောင်က ဂါရဝပြု ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများက လူရည်ချွန်မောင်မယ်များနှင့်အတူ "လူရည်ချွန်စွမ်းအား" တေးသီချင်း၊ "လူငယ်စွမ်းရည်" တေးသီချင်းတို့ဖြင့် စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်း လူငယ်များနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် လူရည်ချွန် မောင်မယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

## မိုးရာသီတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများ အကျိုးရှိရှိဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်

နေပြည်တော် မေ ၅

မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇)၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လာမည့်မိုးရာသီကာလအတွင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဓာတ်အားထုတ်လုပ်မှု (Power Generation Mix) တွင် အခြေခံဝန်အားအတွက် ရေအားလျှပ်စစ်စက်ရုံများနှင့် သဘာဝဓာတ်ငွေ့စက်ရုံများကို အသုံးပြုလျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် ရေအားလျှပ်စစ်စက်ရုံအချို့နှင့် မဟာဓာတ်အားလိုင်းများ ဖျက်ဆီးခံထားရမှုကြောင့် ယခုကဲ့သို့ အပူချိန်မြင့်မားသည့်အချိန်နှင့် ရေလှောင်တမံများတွင် ရေနည်းလာသည့်အချိန်တို့တွင် သဘာဝဓာတ်ငွေ့ကို ပိုမိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေရခြင်းဖြစ်ကြောင်း၊ မကြာမီ မိုးကျလာတော့မည်ဖြစ်ရာ ကောင်းမွန်လျက်ရှိနေသည့် ရေအားလျှပ်စစ်စက်ရုံများကို စွမ်းအားပြည့်လည်ပတ်၍ ဓာတ်အားထုတ်ယူရမည်ဖြစ်ကြောင်း၊ ယင်းအတွက် တမံကြီးများကို ကြိုတင်စစ်ဆေး၍ ကြံ့ခိုင်မှုကောင်းမွန်နေစေရန် စီမံဆောင်ရွက်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများအား ပြန်လည်စစ်ဆေး၍ လိုအပ်သည်များ ပြင်ဆင်ခြင်း၊ ချို့ယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာပါက အမြန်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေများအလိုက် အရန်ပစ္စည်းများ စုဆောင်းရေး၊ သယ်ယူပို့ဆောင်ရေး ယာဉ်ယန္တရားများ အဆင်သင့်ပြင်ဆင်ထားခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပိုမိုထွက်ရှိလာသည့် ဓာတ်အားများ ပို့ဆောင်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ရေးကိုလည်း စစ်ဆေးထားရန်လိုကြောင်း၊ ရေအားလျှပ်စစ်ပိုမိုအသုံးပြုနိုင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့အသုံးပြုမှု လျှော့ချနိုင်ပါက သဘာဝဓာတ်ငွေ့ကို ဓာတ်မြေသြဇာစက်ရုံများအပါအဝင် အခြားစက်ရုံများအတွက် အသုံးပြုနိုင်သည်ဖြစ်၍ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိုးရာသီအချိန်အတွင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများကို အကျိုးရှိရှိဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် အစီအမံများ ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးတို့၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးစစ်မျိုးမှန် ရည်သန်စိုက်ပျိုး ရော်ဘာကဏ္ဍပို့ကုန်တိုးစို့

ဝေနှင်း

မိမိတို့နိုင်ငံတွင် ရော်ဘာကဏ္ဍသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက ဒေါက်တိုင်များအနက် တစ်ခု ဖြစ်ပါသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy) တွင် ဦးစားပေးကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပြီး စီးပွားတိုးတက်ရေးတွင် အလွန်အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပါသည်။

ပြည်တွင်း စက်မှုလုပ်ငန်းများအတွက်လည်း အရေးပါသော စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့်လည်း နိုင်ငံတော်အတွက် လိုအပ်သော နိုင်ငံခြားငွေအများအပြားကို ရှာဖွေပေးနိုင်စွမ်းပါသည်။ ရော်ဘာစိုက်ပျိုးသည့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့်အတွက်လည်း ဒေသဖွံ့ဖြိုးရေးမှာ အလွန်အရေးပါအရာရောက်သော ကဏ္ဍတစ်ခု ဖြစ်ပါသည်။

**ရော်ဘာစိုက်ပျိုးမှုအခြေအနေ**

မြန်မာနိုင်ငံ၌ ရော်ဘာစိုက်ပျိုးမှုကို ကြည့်လျှင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးသည့်ဒေသများဖြစ်ကြပြီး ပဲခူး၊ ရန်ကုန်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြသည်ကို တွေ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ရော်ဘာစိုက်ဧက ၁၆ သိန်းခန့်ရှိပြီး အပင်ပေါင်း ခုနစ်သန်းခန့်မှာ အစေးခြစ်ရမည့်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ရော်ဘာသည် ပင်ပျိုအရွယ်တွင် အစေးထုတ်ယူနိုင်သလို အပင်အိုသွားချိန်မှာလည်း သစ်အဖြစ် အသုံးပြုနိုင်သည့်အတွက် တစ်ပင်လုံး အကျိုးရှိ အသုံးဝင်သည့် စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ပါသည်။

အထူးသဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းအတွက်သာမက ပြည်ပပို့ကုန်အတွက်အရေးပါသည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်ပါသည်။ ရော်ဘာသစ်နှင့် သစ်ခွဲသားများပြုလုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပါသည်။ နှစ်ရှည်ပင်ဖြစ်သည့်အတွက်မူ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန်သည် အရေးအကြီးဆုံးဖြစ်ပါသည်။ ထို့ကြောင့် ရော်ဘာအစေး ပိုမိုထွက်ရှိရေးနှင့် သက်တမ်းပြည့်အစေးလှီးနိုင်ရေးတို့သည် ရော်ဘာပင်တစ်ပင်၏ အရေးအကြီးဆုံးအချက်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးရန် သင့်တော်သောရာသီဥတုနှင့် မြေနေရာများစွာရှိသဖြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြောင်းလဲ စိုက်ပျိုးခြင်းနှင့် စိုက်ဧရိယာများစွာ တိုးချဲ့နိုင်လျှင် စီးပွားရေးအလားအလာကောင်းများစွာ ရရှိနိုင်ပါသည်။ ထို့ကြောင့် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးရန် အထူးပင်လိုအပ်လှပါသည်။

မိုးရေချိန်များပြားသည့် (လက်မ ၁၈၀၊ ၂၀၀ ရှိ) မိုးများပြီးခြောက်သွေ့သည့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်၊ ကရင်၊ ရခိုင်ပြည်နယ်တို့တွင် စိုက်ပျိုးသင့်သည့် ရော်ဘာမျိုးစေ့အမျိုးအစားများမှာ BPM 24, RRIC 100, RRIM 717, PB 260, PB 235 တို့ဖြစ်ပါသည်။ မိုးရေချိန်အသင့်အတင့် (လက်မ ၁၀၀ – ၁၂၀ ရှိ)ပူပြင်းခြောက်သွေ့သည့် ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးသင့်သည့်ရော်ဘာမျိုးစေ့များသည် PB–260 , RRIM 717, PB 235, RRIM 623, GT1 တို့ဖြစ်သည်။

မိုးရေချိန်အနည်းငယ် (လက်မ ၅၀–၆၀)သာ ရွာသွန်းပြီး အေးမြသည့် ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးသင့်သည့်ရော်ဘာမျိုးမှာ RRIM 600, GT 1, PR 255, PR 107, RRIM 623 ဟူ၍ အမျိုးအစားများရှိပါသည်။ ရော်ဘာပင်၏ သဘာဝသည် စတင်စိုက်ပျိုးသည့် အချိန်မှ အနည်းဆုံး ခုနစ်နှစ်၊ ရှစ်နှစ်ကြာမှသာ အစေးထုတ်ယူနိုင်သောကြောင့် ဒေသတစ်ခုနှင့်တစ်ခု ကိုက်ညီမှုရှိသည့်မျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါသည်။



မွန်ပြည်နယ်အတွင်း စိုက်ပျိုးထားသည့် ရော်ဘာစိုက်ခင်း။

ကအားပေးဆောင်ရွက်လျက်ရှိပါသည်။


ရော်ဘာကဏ္ဍ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ရော်ဘာလုပ်ငန်းလုပ်ကိုင်သူများ လူနေမှုဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေရန်ဟူသော အဓိကရည်ရွယ်ချက်များဖြင့် နိုင်ငံတော်က မြန်မာရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း (Myanmar Rubber Planters and Producers Association–MRPPA)ကို ၂၀၀၅ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့ပါသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းအနေဖြင့်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့နှင့် ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**✻ မြန်မာ့ရော်ဘာသည် အရည်အသွေးပိုင်းတွင် အားနည်းချက်ရှိနေသော်လည်း ရေရှည်တွင် အဆင့်မီထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**✻ ရော်ဘာခြံ၏ ရေရှည်အထွက်နှုန်းမှာ မူလစိုက်ပျိုးသည့် ရော်ဘာမျိုးစေ့အပေါ် အဓိက မူတည်ပါသည်။ ထို့ကြောင့် မူလစိုက်ပျိုးစဉ်ကပင် ဒေသ၏ရေမြေရာသီဥတုနှင့်ကိုက်ညီသော အထွက်ကောင်းရော်ဘာမျိုးများကို ရွေးချယ်စိုက်ပျိုးရန်နှင့် ယင်းစိုက်ပျိုးသောမျိုးများ မျိုးစစ်မျိုးမှန်ဖြစ်ရန် အထူးလိုအပ်**

**တစ်ဧကရော်ဘာအထွက်နှုန်း**

မိမိတို့နိုင်ငံ၏ တစ်ဧကရော်ဘာအထွက်နှုန်းမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လိုအပ်ချက်များရှိနေဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်–




**Source:** မြန်မာနိုင်ငံ ရော်ဘာတစ်ဧကအထွက်နှုန်း မြင့်မားလာရေးနှင့် စိုက်ပျိုးသင့်သောရော်ဘာမျိုးများ မှန်ကန်စွာရွေးချယ်စိုက်ပျိုးရေးအတွက် အကြံပြုချက်စာတမ်းမှ ကိုးကားဖော်ပြထားခြင်းဖြစ်ပါသည်။

ရော်ဘာစိုက်ဧရိယာဧကအများစုမှာ ပုဂ္ဂလိကကဏ္ဍမှဖြစ်ပြီး အများစုမှာ ခြံငယ်များသာဖြစ်ပါသည်။ ပုဂ္ဂလိက ခြံငယ်များသည် လွန်ခဲ့သော ၁၅ နှစ်၊ နှစ် ၂၀ နှင့် ယင်းမတိုင်မီက အထွက်နှုန်းကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးမှုတွင် အားနည်းခဲ့ကြပါသည်။ မူလစိုက်ပျိုးစဉ်ကပင် အထွက်နှုန်းကောင်းမျိုးများ မဟုတ်ခြင်းနှင့် စိုက်ခင်းများမှာလည်း သက်တမ်းရလာပြီဖြစ်၍ အထွက်နှုန်းမှာလည်း ကျဆင်းလာပြီဖြစ်ကာ တစ်ဧကအထွက်နှုန်းပါ လျော့နည်းလာပြီဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ရော်ဘာစိုက်ဧကထက်ဝက်ကျော်မှ နှစ်စဉ် ရော်ဘာစေးတန်ချိန် သုံးသိန်းကျော် ထွက်ရှိပါသည်။ သို့ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာကုန်ကြမ်းကို ပြည်တွင်း၌ပင် သုံးစွဲနိုင်မှုမှာ ရှစ်ရာခိုင်နှုန်းမျှသာ ရှိသည့်အတွက် ရော်ဘာကုန်ကြမ်းသုံးစွဲသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ရော်ဘာထုတ်လုပ်မှု၏ ၉၂ ရာခိုင်နှုန်းခန့်ကို ကုန်ကြမ်းအဖြစ် ပြည်ပသို့တင်ပို့ရောင်းချပါသည်။ လက်ရှိတွင် နိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်နေသော ၉၀ ရာခိုင်နှုန်းကျော်ရှိ ရော်ဘာခြံများမှ အရည်အသွေး တစ်သမတ်တည်းမရှိသော ရော်ဘာကုန်ကြမ်းများကို ထုတ်လုပ်လျက်ရှိရာ ယင်းတို့အား အရည်အသွေးစံချိန်မီ ရော်ဘာကုန်ကြမ်းများ ထုတ်လုပ်လာနိုင်စေရေးအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်သွားရန် များစွာလိုအပ်လျက်ရှိပါသည်။

**အစိုးရ၏ဆောင်ရွက်ချက်**

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံခြားသို့ တင်ပို့၍ နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိသော ပြည်တွင်း၊ ပြည်ပ ဈေးကွက် အလားအလာကောင်းသည့် ရော်ဘာကို စီမံကိန်းသီးနှံအဖြစ် သတ်မှတ်ကာ ဧရိယာဧကများများကို အရှိန်အဟုန်ဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်အဘက်ဘက်

၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် ၃၅၀၀၀၀ ခန့်တင်ပို့နိုင်ခဲ့ပါသည်။ နိုင်ငံတကာဈေးကွက်တွင် တစ်တန်လျှင် ၂၁၅၀ ဒေါ်လာဝန်းကျင်ရှိသော်လည်း မြန်မာ့ရော်ဘာသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ မှ ၁၈၀၀ ကြားတွင်သာ ရရှိပါသည်။ ၇၅ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိပြီး မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် တောင်ကိုရီးယား နိုင်ငံတို့သို့လည်း တင်ပို့လျက်ရှိပါသည်။ ၂၀၂၆ ခုနှစ်တွင် ရော်ဘာကဏ္ဍမှ ပို့ကုန်ပမာဏတိုးမြှင့်ရန် ရည်မှန်းထားသော်လည်း အရည်အသွေးပိုင်းနှင့် ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကား ရှိနေဆဲဖြစ်ပါသည်။

ထို့ကြောင့်လည်း အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၆–၂၀၃၀)တွင် ပါဝင်သော ရော်ဘာကဏ္ဍကို ဦးစားပေးအကောင်အထည်ဖော်ရန် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ရော်ဘာပင်အိုများ နေရာတွင် မျိုးကောင်းမျိုးသန့်များ အစားထိုးစိုက်ပျိုးရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value-added)များ ထုတ်လုပ်နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အရည်အသွေးပိုင်းတွင် ဂျပန်နည်းပညာနှင့် ဓာတ်ခွဲခန်းများထူထောင်ပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် **စာမျက်နှာ ၇ သို့** ❖

☆ ကျောဖုံးမှ

ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့သည် တိုင်းရင်းသားမိဘပြည်သူများ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်အသွယ်သွယ်မှ ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ်အစဉ်အလာ ကြီးမားစွာဖြင့် ရပ်တည်လာခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ နေ့ထူးနေ့မြတ် အခါသမယဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်တိုင်းတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကာကွယ်ရေးသာမက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ သက်စွန့်ကြိုးပမ်း အစွမ်းကုန်အားထုတ်ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

မီးသတ်တပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန်ကြီး(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး မီးသတ်လုပ်ငန်းတာဝန်ဆိုသည်မှာ အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ချက်ချင်းတုံ့ပြန်ဖြေရှင်းဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ ယနေ့ခေတ်မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေးလုပ်ငန်းတစ်ခုတည်းသာမက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအပြင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းနှင့် အရေးပေါ် ဆေးအကာအကွယ်ပေးခြင်းလုပ်ငန်းစသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မီးသတ်တပ်ဖွဲ့က ဆောင်ရွက်ရသည့်လုပ်ငန်းများသည် မိမိတို့ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နေရုံမျှနှင့် ပြီးပြည့်စုံသည်မရှိဘဲ ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာ ပိုမိုခိုင်မာ အားကောင်းနိုင်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ပတ်သက်ပြီး သဘာဝဘေးကျရောက်သည့်ဒေသများတွင်နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခြားသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အတူ တွေ့ကြုံခဲ့ရသည့် ဘေးအန္တရာယ်တိုင်းတွင် ထိရောက်လျင်မြန်စွာ အကောင်းဆုံးပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မန္တလေးငလျင်ဖြစ်စဉ်အပေါ် သင်ခန်းစာဖော်ထုတ်ပြီး နိုင်ငံတကာနည်းတူ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Urban Search Rescue) Medium Team အဆင့် အဖွဲ့ (၂)ဖွဲ့ ကိုလည်း ဖွဲ့စည်းနိုင်ရေး နိုင်ငံတော်ကခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲများ၌ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းအပေါ်၌လည်း များစွာ ကျေနပ်အားရမိပါကြောင်းနှင့် ထိုကဲ့သို့ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် အလေးအနက်ထား တိုက်တွန်း မှာကြားလိုကြောင်း။

အနာဂတ်မီးသတ်တပ်ဖွဲ့သည် ပိုမိုခိုင်မာအားကောင်းသည့် ဖွဲ့စည်းပုံ၊ ပိုမိုမြင့်မားသည့် စွမ်းဆောင်ရည်များနှင့် နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်အားလုံးသည် စည်းကမ်းတကျနှင့် လေ့ကျင့်မှုမပျက်စေဘဲ တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေးတိုးတက်စေရန် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်သိစိတ်မြင့်မားစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အသက်နှင့် ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင်ဆောင်ရွက်ရခြင်းကြောင့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားသွားကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ဂုဏ်ဒြပ်ကို လေးစားဂုဏ်ယူပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်နိုင်သည့် ပြည်သူအားကိုးရသော တပ်ဖွဲ့ကြီးအဖြစ် နောင်နှစ်ပေါင်းများစွာ အခွန့်ရှည်ကြာအောင် ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက "မီးသတ်ပြု" ဂန္ဓဝင်တေးသီချင်းသီဆိုသူ နိုင်ငံကျော်တေးသံရှင် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းများတွင် အသက် ၉၀ နှင့်အထက် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းဟောင်းများဖြစ်ကြသည့် မီးသတ်တပ်ကြပ်ကြီး ဦးထွန်းကြည်နှင့် ဦးသောင်းမြင့်၊ အရန်ဒုတိယတပ်ရင်းမှူး(ငြိမ်း) ဦးချစ်လှိုင်နှင့် ဒုတိယမီးသတ်ဦးစီးမှူး(ငြိမ်း) ဦးတင်ညွန့်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောထံသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက နှစ် (၈၀) ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂါရဝပြုအမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းရည်သတ္တိဆိုင်ရာ ရဲဗလတံဆိပ်ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်း သမိုင်းဝင် မီးသတ်ပစ္စည်းများကိရိယာပြခန်းများ၊ အဆင့်မြင့်အရေးပေါ်တုံ့ပြန်မှု ဆက်သွယ်ရေးစနစ်များ၊ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာ ပြခန်းများနှင့် ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် မီးသတ်ယာဉ်များ၊ စက်များနှင့် ရှာဖွေရေးခွေး (Search Dog) သရုပ်ပြမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ် ဝန်ကြီးချုပ် နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်



**တောင်ကြီး မေ ၅**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက တောင်ကြီးခရိုင် မီးသတ်စခန်း တောင်ကြီး-ဟိုပုံးမြို့ အထွက် (၂)မိုင်၌ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး ရဲကျော်သူတံဆိပ်ရရှိသူ၊ လူမှုထူးချွန်တံဆိပ်ရရှိသူ၊ သင်တန်းတွင် ထူးချွန်ဆုရရှိသူများ၊ စခန်းသာယာလှပရေးဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ရာ ဆုရရှိသူများနှင့် ပြည်နယ်မီးသတ်တပ်ဖွဲ့ ပြည်နယ်ဦးစီးမှူးတို့က လက်ခံရယူကြသည်။

ထို့နောက်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးစွမ်းရည် သရုပ်ပြသရာ အထပ်မြင့်အဆောက်အအုံ ရှာဖွေ ကယ်ဆယ်ရေးအတွက် အသက်ကယ်ကြိုးများ အသုံးပြု၍ သရုပ်ပြသခြင်း၊ အထပ်မြင့်ပေါ်တွင် ပိတ်မိနေသောလူနာအား Hydraulic Platformဖြင့် ကယ်ဆယ်ခြင်း၊ အထပ်မြင့်မီးလောင်မှုအား LUF Nano ဖြင့် မီးငြိမ်းသတ်ခြင်း၊ ဂက်(စ်)အိုး မီးလောင်မှုကို အအေးပေးစနစ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ ဆီသိုလှောင်ကန် မီးလောင်မှုကို မီးငြိမ်းသတ် သရုပ်ပြသခြင်း၊ Ventilator နှင့် 3D Nozzle အသုံးပြု၍ အအေးပေးခြင်း၊ ဓာတုဗေဒ အမြှုပ်ဆေးရည် (Foam) အသုံးပြု၍ ဆီမီးလောင်မှုကို မီးငြိမ်းသတ်သရုပ်ပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေ ကယ်ဆယ်ရေးပစ္စည်းကိရိယာများကို ကြည့်ရှုခဲ့သည်။

အလားတူ ၂၀၂၆ ခုနှစ် Football For School (ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ရေကူး) အားကစားသင်တန်းများဖွင့်ပွဲကို ယမန်နေ့မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းသည်နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်တွင် ပါရှိသည့် ရက်(၁၀၀) စီမံချက်နှင့်စပ်လျဉ်းပြီး အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကို ပညာရေးဝန်ကြီးဌာနနှင့် အားကစားရေးရာဝန်ကြီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်မျိုးသားလုံး သက်ရှည် ကျန်းမာရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့် အနေဖြင့် ယခုလိုသင်တန်းကို ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က သင်တန်းသား သင်တန်းသူများအား လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဝူရှူးအားကစားအဖွဲ့က သရုပ်ပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့် သရုပ်ပြသပေးသော ဝူရှူးအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဘောလုံး၊ ဝူရှူး၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ရေကူးအဖွဲ့တို့အား အားကစားသင်တန်း အထောက်အကူပြုပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများ ဘောလုံးကစားနေမှု၊ ပြေးခုန်ပစ်ကစားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❖ စာမျက်နှာ ၆ မှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ရော်ဘာသည် အရည်အသွေးပိုင်းတွင် အားနည်းချက်ရှိနေသော်လည်း ရေရှည်တွင် အဆင့်မီထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**ကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ**

ရော်ဘာကုန်ကြမ်းကို ပြည်တွင်း၌ သုံးစွဲမှုနည်းပြီး ပြည်ပဈေးကွက်ကိုသာ အားကိုးနေရခြင်းကြောင့် ပြည်ပဈေးကွက်တွင် ဈေးနှိမ်ဝယ်ယူမှုများရှိနေသည့်အတွက် ရသင့်သည့်ဈေးနှုန်း မရရှိဘဲ ဝင်ငွေလျော့နည်းမှုများကြုံတွေ့နေရပြီး ဖော်ပြပါအခက်အခဲများနှင့်လည်း ကြုံတွေ့နေရပါသည်-

(က) ရော်ဘာဈေးနှုန်းကျဆင်းခြင်း၊

(ခ) အရည်အသွေး စံချိန်မမီခြင်းနှင့် နယ်စပ်မှတစ်ဆင့် တရားမဝင် တင်ပို့မှုများကြောင့် စနစ်တကျရှိသော ဈေးကွက်ရရှိရန်ခက်ခဲခြင်း၊

(ဂ) အဆင့်မီ ရော်ဘာကုန်ကြမ်း ထုတ်လုပ်နိုင်မှုအားနည်းခြင်း၊

(ဃ) အစေးလှီးကျွမ်းကျင်လုပ်သားရှားပါးမှုနှင့် စိုက်ပျိုးစရိတ်နှင့် လုပ်အားခစရိတ်များ မြင့်မားလာခြင်း၊

(င) ရော်ဘာ အရွက်ကြွေရောဂါကျရောက်ခြင်း၊

(စ) ရာသီဥတုဖောက်ပြန်ခြင်း၊

(ဆ) ရော်ဘာကုန်ကြမ်းများအားကုန်ချော ထုတ်လုပ်သည့် ပြည်တွင်း စက်ရုံများတွင် နည်းပညာနှင့် ဈေးကွက်ဆိုင်ရာ ပြဿနာများရှိခြင်း၊

(ဇ) ပြည်ပမှဝင်ရောက်လာသည့် ရော်ဘာ အခြေခံကုန်ချောများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်းတို့ ကြုံတွေ့နေရပါသည်။

ရော်ဘာစိုက်ပျိုး တည်ထောင်ခြင်းမှာ ငွေကြေးအရင်းအနှီးများစွာ အကုန်အကျခံကာ ရေရှည်ရင်းနှီးမြှုပ်နှံရသောလုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်နှင့် ရော်ဘာစိုက်ပျိုးသူခြံရှင်များအနေဖြင့် ရေရှည်အကျိုးအမြတ်များ စဉ်ဆက်မပြတ် ပိုမိုရရှိနိုင်ရေးအတွက် တစ်ဧကရော်ဘာအထွက်နှုန်းမြင့်မားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိတစ်ဧကရော်ဘာအထွက်နှုန်းမှာ အိမ်နီးချင်းရော်ဘာစိုက်နိုင်ငံများမှ ထွက်ရှိသော အထွက်နှုန်း၏ သုံးပုံတစ်ပုံနှင့် ထက်ဝက်ခန့်သာရှိနေသဖြင့် ရော်ဘာအထွက်နှုန်းတိုးမြင့်လာစေရေးအတွက် ရေတိုရေရှည် အစီအမံများ စနစ်တကျချမှတ်ကာ ဆောင်ရွက်သွားရန် အထူးလိုအပ်ပါသည်။

ရော်ဘာခြံ၏ ရေရှည်အထွက်နှုန်းမှာ မူလစိုက်ပျိုးသည့် ရော်ဘာမျိုးစေ့အပေါ် အဓိက မူတည်ပါသည်။ ထို့ကြောင့် မူလစိုက်ပျိုးစဉ်ကပင် ဒေသ၏ရေမြေရာသီဥတုနှင့်ကိုက်ညီသော အထွက်ကောင်းရော်ဘာမျိုးများကို ရွေးချယ်စိုက်ပျိုးရန်နှင့် ယင်းစိုက်ပျိုးသောမျိုးများ မျိုးစစ်မျိုးမှန်ဖြစ်ရန် အထူးလိုအပ်လှပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

**နေပြည်တော်  မေ ၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆေးပညာရှင်များ အပြန်အလှန်စေလွှတ်၍ အတွေ့အကြုံဖလှယ်ရေး၊ ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆေးတက္ကသိုလ်များအကြား ပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ပါကစ္စတန်နိုင်ငံမှ ဆေးဝါးနှင့်ခွဲစိတ်ခန်းသုံးပစ္စည်းများ တင်သွင်းလျက်ရှိသည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံများတည်ဆောက်၍ ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါကစ္စတန်နိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**မြစ်ကြီးနား  မေ ၅**

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် ပြည်နယ်အဆင့် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆)အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့၌ ကျင်းပသည်။

ဦးစွာ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်း



အမှတ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေး၍ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး အဆင့်မြင့်ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာ ထက်၊ လယ်၊ မူ အဆင့်အလိုက် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများ ကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မျိုးဆက်တိုင်းကို အကာအကွယ်ပေးနိုင်ရေး ကာကွယ်ဆေးထိုးလုပ်ငန်းများ လွှမ်းခြုံအောင်မြင်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများအတွက် မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား မှတ်တမ်းဗီဒီယိုနှင့် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း ရက်သတ္တပတ်များ အထိမ်းအမှတ် ပြခန်းငယ်ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သွေးလှူရှင်အသစ်စုဆောင်းခြင်းနှင့် ရေရှည်သွေးလှူရှင်များဖြစ်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ သင်တန်းကျင်းပ

**ရန်ကုန်  မေ ၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာနမှ ဖွင့်လှစ်သော Voluntary Blood Donar Recruitment and Retention Training ကို ပထမအကြိမ်အဖြစ် ဧပြီ ၂၇ ရက်မှ ၂၉ ရက်အထိ လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် မေ ၄ ရက်မှ ၆ ရက်အထိ လည်းကောင်း ရန်ကုန်မြို့ရှိ Hotel Royal Vista တွင် ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခဒေါက်တာမျိုးညွန့်နှင့် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးတို့ တက်ရောက် အမှာစကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးမှ စီမံချက် မြို့နယ် ၁၀ မြို့နယ်ရှိ ကြက်ခြေနီ စေတနာလုပ်အားရှင်များကို သွေးလှူရှင်အသစ်စုဆောင်းခြင်းနှင့် ရေရှည်သွေးလှူရှင်များ ဖြစ်လာစေရန် စည်းရုံး လှုံ့ဆော်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်၊ ထို့မှတစ်ဆင့်ဘေးအန္တရာယ်ကင်းရှင်းသောသွေးကို ပုံမှန်ရရှိစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များကို မြှင့်တင်ပေးခြင်းဖြင့် လူထု၏ကျန်းမာရေး အဆင့်အတန်းကို တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ သင်တန်းကို ကျင်းပခြင်းဖြစ်သည်။



အဆိုပါသင်တန်းကို ပထမအကြိမ်အဖြစ် ဧပြီ ၂၇ ရက်မှ ၂၉ ရက်အထိကျင်းပရာ စီမံချက်မြို့နယ် ငါးမြို့နယ်ဖြစ်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လှည်းကူးမြို့နယ်၊ ဒေါပုံမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်တို့မှ ကြက်ခြေနီ စေတနာလုပ်အားရှင် ၂၅ ဦး တက်ရောက်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် မေ ၄ ရက်မှ ၆ ရက်အထိ ကျင်းပသည့် သင်တန်းသို့ စီမံချက်မြို့နယ် ငါးမြို့နယ် ဖြစ်သော အင်းစိန်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကြီးခနောင်တို မြို့နယ်နှင့် ကွမ်းခြံကုန်း မြို့နယ်တို့မှ ကြက်ခြေနီ စေတနာလုပ်အားရှင် ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကံမမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ကံမ  မေ ၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးခင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးခင်ဝင်းဇော်က နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုမိန့်ခွန်းပြောကြားပြီး ထူးချွန်ဆုရရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

# နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နတ်မောက်  မေ ၅**

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ်မီးသတ်ဦးစီးဌာနမှ နှစ်( ၈၀)ပြည့်မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့ နံနက် ၇ နာရီက ဒီပင်္ကရာဘုန်းတော်ကြီးကျောင်း စာသင်တိုက်၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမီးသတ်ဦးစီးမှူး ဦးငွေးမော်၏ဦးဆောင်မှုဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ဒီပင်္ကရာ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များသိမ်းဆည်းခြင်း၊ စာသင်ကျောင်းတိုက်ရှေ့ရှိ ရေမြောင်းအတွင်း အမှိုက်များအား ရေပိုက်ဖြင့်ထိုးချရှင်းလင်းခြင်းတို့ကို တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသည်။

**လှဝင်း(နတ်မောက်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



နေပြည်တော် မေ ၅

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင် ခြောက်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက ဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M4A1 သေနတ် တစ်လက်၊ MA5 ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ သုံးခု၊ ကျည်မျိုးစုံ ၅၇ တောင့်၊ MG-1 လက်ပစ်ဗုံး နှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ငွေကျပ်သိန်း ၅၀၊ ပစ္စတိုသေနတ်တစ်လက်အတွက်ငွေကျပ်သိန်း၂၀၊ လက်ပစ်ဗုံးနှစ်လုံးအတွက် ငွေကျပ်သုံးသိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ၁၅ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၆၀ တို့ကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေး ခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ အတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင်ဝင် ရောက်ခဲ့ပါတယ်။ ကျွန်တော် PDF ထဲ ရောက်ရောက်ချင်း အခြေခံသင်တန်း လေးလနဲ့ အထူးကွန်မန်ဒိုသင်တန်းလေးလကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက် တပ်စိတ်မှူး ဖြစ်ခဲ့ပါတယ်။ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့ နေထိုင်တဲ့ နေရာကတော့ ပုလောနယ်တစ်ခွင်မှာ လှုပ်ရှားသွားလာရပါတယ်။ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်။ အလုပ်ကြမ်းတွေလုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက်အန္တရာယ်ရှိတဲ့ အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့ နေရာမှာဆိုလည်း ကျွန်တော်တို့ PDF တွေက အဓိကလုပ်ကိုင်ရတယ်။ သူတို့တွေက စကားပြောစက်တွေနဲ့ အမိန့်ပေးပြီး အနောက်မှာနေတာများပါတယ်။ တချို့တွေဆိုရင် ဂိတ်ကြေးတွေကောက်တယ်။ ဆက်ကြေးတွေ ကောက်တယ်။ တချို့တွေဆိုလည်း ထိုင်းနိုင်ငံအထဲမှာ ကိုယ်ပိုင်အိမ်တွေတောင် ဝယ်ထားကြပါတယ်။ တချို့ခေါင်းဆောင်တွေကတော့ စီးပွားရေးသမားတွေ ဖြစ်လာတာကို သိရှိလာရပါတယ်။ ကျွန်တော်တို့တွေ ကတော့ တောထဲမှာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီးနေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးနေရတာများပါတယ်။ အမြဲတမ်း ကြောက်လန့်တဲ့စိတ်နဲ့ နေရတာများပါတယ်။ ကျွန်တော် ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ အခုမှပဲ လွတ်မြောက်လာခြင်းဖြစ်ပါတယ်။ အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့ သေနတ်ကို ခိုးယူလာပြီး တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလိုအလင်းဝင်လိုက်ပြီးနောက်ပိုင်းမှာ ကျွန်တော် ကောင်းကောင်းမွန်မွန် နေထိုင်ရပါတယ်။ ကောင်းကောင်းမွန်မွန် စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှုခံစားခွင့်တွေကိုလည်း ပြန်လည်ရရှိခဲ့ပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အထူးကျေးဇူး တင်ရှိပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမ အပေါင်းအသင်း PDF တွေကိုလည်း အမြန်ဆုံး အလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကို ရွေးချယ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်။



**သတင်းစဉ်**



# မုဒုံမြို့နယ် ထုံမံကျေးရွာ၌ နွေစပါးရိတ်သိမ်း

မုဒုံ မေ ၅

မွန်ပြည်နယ် မုဒုံမြို့နယ် ထုံမံကျေးရွာ၌ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် ထုံမံလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့မှ အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးများကို ဧပြီလနောက်ဆုံးပတ်တွင် ရိတ်သိမ်းသည်။

ထိုသို့ နွေစပါးများ ရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး သမဝါယမအသင်းသား တောင်သူများက နွေစပါးအဖြစ် ဆင်းသုခစပါးမျိုးများကိုစိုက်ပျိုးရာ အထွက်နှုန်း တစ်ဧကလျှင် ၁၁၇ တင်း ထွက်ရှိကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ ကျွဲ၊ နွားများအား ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံပေး

ပေါင် မေ ၅

မွန်ပြည်နယ် ပေါင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများ ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ယမန်နေ့တွင် ပေါင်မြို့နယ် ကော့ထော်ကျေးရွာ၌ ကွင်းဆင်း ထိုးနှံပေးကြသည်။

**ထိုးနှံပေး**

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရဲအောင်နှင့် ဝန်ထမ်းများက ကျေးရွာအတွင်းရှိ ကျွဲ၊ နွားကောင်ရေ ၁၅၀ တို့အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများကို အိမ်တိုင်ရာရောက် ထိုးနှံပေးကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)





နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အလုံမြို့နယ် စောရန်ပိုင်(တောင်)ရပ်ကွက် အလုံဈေးရှေ့၌ 191 Report app အသုံးပြုပုံ၊ မီးသတိမူရေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၄ ရက်က အလုံမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးထက်မျိုးလှိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကုဋ္ဌေထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးရဲကိုကို၊ အဖွဲ့ဝင် ဦးအောင်စိုးနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မန္တလေးမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

မန္တလေး မေ ၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်များကို စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများအား ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ၊ စံပြမီးသတ်စခန်းဆုရရှိသည့် မန္တလေး - ရန်ကုန် အမြန်လမ်းပေါ်ရှိ စကားအင်းမီးသတ်စခန်း(အမြန်လမ်း)နှင့် သီးကုန်း(အမြန်လမ်း) မီးသတ်စခန်းမှ တာဝန်ရှိသူများအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ၊ ဌာနတွင်းသင်တန်းများနှင့် ပြင်ပဌာနများတွင် ဆုရရှိသူများ၊ စွမ်းရည်ပြိုင်ပွဲ အသီးသီးတွင် ဆုရရှိသူများအား ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များကို ဗီဒီယိုကလစ်ဖြင့် ကြည့်ရှုပြီး ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ၊ Report 191 Mobile Application ဆောင်ရွက်မှုများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ချင်းပြည်နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ဟားခါး မေ ၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်က ပြည်သူအားကိုးရသော တပ်ဖွဲ့ကြီးအဖြစ် နောင်နှစ်ပေါင်းများစွာ အခွန့်ရှည်ကြာတည်တံ့အောင်ကြိုးစားတည်ဆောက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ကျင့်ဝတ်ဖြေဆိုပြိုင်ပွဲ၊ ပြည်နယ်အဆင့် မီးငြိမ်းသတ်ရေးပြိုင်ပွဲ၊ ပြည်နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးပြိုင်ပွဲ၊ လက်နက်မဲ့စစ်ရေးပြပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အရာထမ်းငယ်သင်တန်းတွင် စစ်ရေးပြထူးချွန်ဆုရရှိသည့် တပ်ဖွဲ့ဝင်တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်က ပေးပို့သည့် နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ မှတ်တမ်းဗီဒီယို၊ ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုနှင့် ချင်းပြည်နယ် မီးသတ်ဦးစီးဌာနက ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ပုသိမ် မေ ၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကားပြောကြားပြီး လူမှုထူးချွန်(တတိယ)အဆင့်၊ လူမှုရေးဆိုင်ရာ ထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ စံပြမီးသတ်စခန်းဆု၊ တိုင်းဒေသကြီး(အရာရှိအဆင့်) ကျင့်ဝတ်ဆု၊ တိုင်းဒေသကြီး(တပ်သားအဆင့်) ကျင့်ဝတ်ဆု၊ ဌာနတွင်းသင်တန်းထူးချွန်ဆုရရှိသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုနှင့် ခင်းကျင်းပြသထားသည့် ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကို ကြည့်ရှုအားပေးကြသည်။

### ချီးမြှင့်ငွေများ ပေးအပ်

ယမန်နေ့ညနေပိုင်းတွင် ကိုးသိန်းအားကစားကွင်း၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့၏ Pilot Project အစီအစဉ်အရ ပူးပေါင်းဖွင့်လှစ်သည့် Football For School ဘောလုံး အားကစားသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပုသိမ်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ဟင်္သာတမြို့နယ်၊ မြောင်းမြမြို့နယ်၊ လပွတ္တာမြို့နယ်တို့အတွက် အားကစားပစ္စည်းများ၊ သင်တန်းသား သင်တန်းသူများအတွက် အားဖြည့်အချိုရည်များ၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအတွက် ချီးမြှင့်ငွေများ၊ U-18 ဘောလုံး၊ ကြက်တောင်နှင့် ပြေးခုန်ပစ်အဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်



ထားဝယ် မေ ၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက မီးသတ်တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အတွင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာသည့်အခါတိုင်းတွင် ပရဟိတစိတ်ဓာတ်ကိုအခြေခံပြီး စွန့်လွှတ်စွန့်စားစွာ ကူညီဆောင်ရွက်ပေးနေသူများဖြစ်သောကြောင့် နိုင်ငံတော်က အသိအမှတ်ပြုပြီး ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို ခေတ်အဆက်ဆက် ဂုဏ်ပြုချီးမြှင့်ပေးလာခဲ့သည်မှာ နှစ်ပေါင်း ၈၀ အတွင်း မီးသတ်တပ်ဖွဲ့ဝင်ပေါင်း ၅၅၀ အထိ ရှိခဲ့ပြီဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များသည် ဘေးဒုက္ခအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေသူတိုင်းကို မိမိတို့ အသက်နှင့် ခန္ဓာကိုယ်ကိုအရင်းတည်ပြီး ကူညီကယ်တင်ဆောင်ရွက်ရသောကြောင့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားသွားကြသော မီးသတ်တပ်ဖွဲ့ဝင်များ၏ ဂုဏ်ဒြပ်ကို လေးစားဂုဏ်ယူပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်နိုင်သည့် ပြည်သူအားကိုးရသောတပ်ဖွဲ့ကြီးအဖြစ် နောင်နှစ်ပေါင်းများစွာ အခွန့်ရှည်ကြာ ကြိုးစားတည်ဆောက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက စံပြထူးချွန်ဆု၊ ထူးချွန်ဆု၊ စံပြမီးသတ်စခန်းဆုနှင့် မီးသတ်လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးသော လူမှုကူညီရေးအသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်ပြီး မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဗီဒီယိုမှတ်တမ်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ မီးငြိမ်းသတ်ရေး၊ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ချက်များ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေထုတ်ချေးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ပဲခူး မေ ၅

တိုင်းဒေသကြီး၏အဓိကစီးပွားရေး မောင်းနှင်အားသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းအပေါ် အဓိကအခြေခံထားကြောင်း၊ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာပါက တိုင်းဒေသကြီး၏ GDP လည်းတိုးတက်လာမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေထုတ်ချေးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေထုတ်ချေးပေးရာတွင် အချိန်အကန့်အသတ်ဖြင့် ထုတ်ချေးပေးခြင်းဖြစ်၍ Quick Win ဖြစ်သည့် လုပ်ငန်းများကို သေချာရွေးချယ်စိစစ်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများရှိ လူသုံးကုန်နှင့် စားသုံးကုန်များ နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုစနစ်များ ပြောင်းလဲနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်သည့်လုပ်ငန်းများ ပိုမိုတိုးချဲ့နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သလို သဘာဝမြေသြဇာ ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်ရေးကိုလည်း ပံ့ပိုးအားပေးမြှင့်တင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စားရေရိက္ခာ ဖူလုံပိုလျှံစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများအတွက် ထုတ်ချေးပေးမည့် ချေးငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေတင်ပြတောင်းခံထားမှု လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် MSMEs အေဂျင်စီအဖွဲ့ဝင်များက တင်ပြသည့် လုပ်ငန်းတစ်ခုချင်းအလိုက် မေးမြန်းခြင်း၊ စိစစ်ခြင်းများ ဆောင်ရွက်ကာ အစိုးရအဖွဲ့အတွင်းရေးမှူးက ချေးငွေနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက တင်ပြချက်များနှင့်ပတ်သက်၍ အကြံပြုသုံးသပ်တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြသည့် လုပ်ငန်းတစ်ခုချင်းအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေစိစစ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပေါင်းစပ်ညှိနှိုင်းရေးဆွေးနွေးပွဲကျင်းပ




နေပြည်တော် မေ ၅

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပေါင်းစပ်ညှိနှိုင်းရေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ရုံးအမှတ် (၃၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ပြည်ပမှ မွေးမြူရေးအစာကုန်ကြမ်းတင်သွင်းမှု လျှော့ချရေးနှင့် ပြည်တွင်းမှ ထွက်ရှိသော အစာကုန်ကြမ်းများကို အခြေခံအသုံးပြုရေး၊ မွေးမြူရေးတိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်၍ မွေးမြူရေးနည်းပညာ စနစ်တကျ အသုံးပြုနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အားပေးဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ အနေဖြင့် ဒေသအလိုက် မွေးမြူရေးတိရစ္ဆာန် အစာကုန်ကြမ်းများ ဖြစ်သည့် ပြောင်း၊ ဖွဲ၊ ပဲဖတ်၊ နှမ်းဖတ် ထုတ်လုပ်မှု တိုးမြှင့်ရေးကို ကန်ထရိုက်လယ်ယာ စနစ်ဖြင့် ဆောင်ရွက်ရန်၊ ဒေသအလိုက် အစာစပ် စက်ရုံတည်ဆောက်ရေး၊ သိုလှောင်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ မြှင့်တင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များက အရည်အသွေးကောင်းသော နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသော လုပ်ငန်းသုံးစက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေး၊ နို့စားနွား မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရန် လိုအပ်သော နိုင်ငံခြား နွားမျိုးများနှင့် မျိုးရည်ခဲချောင်းများ တင်သွင်းခွင့်ရရှိရေးတို့ကို တင်ပြကြရာ ဒုတိယဝန်ကြီးက သတ်မှတ်ထားသော မူဝါဒ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ ကျွဲ နွားများအား ကာကွယ်ဆေးထိုးနှံပေး

မြဝတီ မေ ၅

ကရင်ပြည်နယ် မြဝတီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရက်( ၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်များ ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ပညာပေးသင်တန်းနှင့် ဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ အများပြည်သူစားသုံးရန်အတွက် ရောင်းချသည့်အသားဆိုင်များအား စစ်ဆေးခြင်း၊ တိရစ္ဆာန်အစာများအတွက် ကောက်ရိုး၊ မြက်တို့အား ပြုပြင်မှုသရုပ်ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် ကျွဲ၊နွား ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင့်လွင် ကြီးကြပ်မှုဖြင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဖြိုးဝေအောင်နှင့် ဝန်ထမ်းများက အမှတ်(၆)ရပ်ကွက်ရှိ နွားအကောင်ရေ ၁၁၇ ကောင်အား ကူးစက်ရောဂါ ကြိုတင်ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**



# ရေးမြို့နယ်၌ ကျွဲ၊ နွားများအား ကူးစက်ရောဂါကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေး



ရေး မေ ၅

မွန်ပြည်နယ် ရေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရက် (၁၀၀) စီမံချက်ဖြင့် ကျွဲ၊ နွားများတွင် အဖြစ်များသော ကူးစက်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက သီရိခေမာနှင့် သီရိနန္ဒာရပ်ကွက်တို့၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို ရေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ သန်းထွဋ်အောင်နှင့် ဝန်ထမ်းများက ရပ်ကွက်အတွင်း မွေးမြူထားသည့်ကျွဲ၊ နွားတိရစ္ဆာန်များတွင် အဖြစ်များသော လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး HS Vaccine ကို နွားကောင်ရေ ၈၀ အား အိမ်တိုင်ရာရောက် လိုက်လံထိုးနှံပေးသည်။

ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို မြို့နယ်မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာများတွင် ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

# အိမ်မဲမြို့နယ်၌ မွေးမြူရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်

အိမ်မဲ မေ ၅

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရက်(၁၀၀)စီမံချက်ကို လုပ်ငန်းစဉ်(၇)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျွဲ၊ နွားကာကွယ်ဆေးထိုးနှံခြင်း၊ နွားမေထုန်မဲ့သားစပ်ခြင်း၊ မွေးမြူရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် မွေးမြူရေးခြံများတွင် နမူနာပြ ပိုးသတ်ဆေးဖျန်းခြင်း စသည့် လုပ်ငန်းများ ပါဝင်သည်။



**ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေး လုပ်သားများက ဆင်တိုးကျေးရွာ၌ ကာကွယ်ဆေးထိုးနှံခြင်း၊ နွားမေထုန်မဲ့ သားစပ်ခြင်း၊ ဘုရားကြီးကုန်းကျေးရွာ၌ စီးပွားဖြစ်ခြံစာရင်း ကောက်ယူခြင်းနှင့် မွေးမြူရေးခြံများတွင် နမူနာပြ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အိမ်မဲ(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျက်စီးမှုကြီး(အနီရောင်အဆင့်) နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်



နေပြည်တော် မေ ၅

နေပြည်တော် ကောင်စီဝင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဦးဝင်းမိုးခိုင်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် စည်ပင်သာယာရေး ကော်မတီ မင်္ဂလာခန်းမတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျက်စီးမှုကြီး (အနီရောင်အဆင့်) နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေကြသည့် ကုမ္ပဏီများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယမြို့တော်ဝန်က မန္တလေးငလျင်ဒဏ်ကြောင့် ယာယီစခန်းများတွင် နေထိုင်နေသော နိုင်ငံ့ဝန်ထမ်းများကို မိုးမကျမီ ပြောင်းရွှေ့နေထိုင်နိုင်စေရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ရှစ်မဂ္ဂနီကျူအထိ ငလျင်ဒဏ်ခံနိုင်စေရေး သတ်မှတ်ထားသည့် ဒီဇိုင်းပုံစံများအတိုင်း စနစ်တကျ ပြုပြင်ဆောင်ရွက်ရန် လိုကြောင်းနှင့် QA/QC အဖွဲ့များကလည်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများတွင် အရည်အသွေး စစ်ဆေးမှုများကို စနစ်တကျ ကြပ်မတ် ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယမြို့တော်ဝန်က လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်ချက်များရှိပါက သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို သတ်မှတ်ထားသော အချိန်အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးစေရေး အထူးအလေးထား၍ ဆောင်ရွက်ကြရန် လိုကြောင်းနှင့် ဝန်ထမ်းအိမ်ရာများသည် ဝန်ထမ်းများ၏ စားဝတ်နေရေးတွင် နေရေးနှင့် တိုက်ရိုက်ဆက်နွှယ်နေသောကြောင့် တိကျမှန်ကန်မှု၊ အချိန်မီဆောင်ရွက်မှုနှင့် အရည်အသွေး ပြည့်မီမှုတို့သည် မဖြစ်မနေလိုက်နာ ဆောင်ရွက်ရမည့် သတ်မှတ်ချက်များဖြစ်၍ အလေးထား ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် (အကွက်ကြီး - ၂)ရှိ တိုက်အမှတ် (၂၃၃၈)၊ (၂၃၄၆)နှင့် ဥဩာသိဒ္ဓိရပ်ကွက် (အကွက်ကြီး - ၃) ရှိ တိုက်အမှတ်(၃၃၆၂)တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အနီရောင်အဆင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)ကို ရေးသားပြုစု၍ ပုံနှိပ်ထုတ်ဝေခဲ့ပြီး အဆိုပါစာအုပ်တွင် မြန်မာ့မြေလွှာဖြစ်တည်မှု၊ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှုများကို ကွင်းဆင်း၊ တူးဖော်၊ သုတေသနပြုလေ့လာတွေ့ရှိချက်အသစ်များ၊ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကို ထည့်သွင်းဖြည့်စွက်ရေးသားပြုစုပြီး မြန်မာ့သမိုင်းပညာရှင်များအဖွဲ့က စိစစ်တည်းဖြတ်ထားသည်။

တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းစဉ်အတွဲ(၁)စာအုပ်ကို နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ၎င်းတို့လက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ဒီဂရီ/ ကောလိပ်များနှင့် သင်တန်းကျောင်းများရှိ စာကြည့်တိုက်များတွင် ထားရှိဖတ်ရှုလေ့လာနိုင်ရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ဖတ်ရှုလေ့လာနိုင်ရေး အခမဲ့ ဖြန့်ဝေပေးပို့ခဲ့ပြီးဖြစ်သည်။

ထို့ပြင် နေပြည်တော်နှင့် ရန်ကုန်တို့ရှိ အမျိုးသားစာကြည့်တိုက်များ၊ အမျိုးသားပြတိုက်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနခွဲ/ဌာနစုများ၏ စာကြည့်တိုက်များတွင် ဖတ်ရှုလေ့လာနိုင်ရေး ဖြန့်ဝေထားရှိသည်။

အဆိုပါတစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁) စာအုပ်အား ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနခွဲ၊ ဌာနစုအသီးသီးတွင် အများပြည်သူများ ကိုယ်ပိုင်စုဆောင်းဖတ်ရှုလေ့လာနိုင်ရေး ဝယ်ယူနိုင်ရန်အတွက် တစ်အုပ်လျှင် ငွေကျပ် ၅၅၀၀၀ နှုန်းဖြင့်ရောင်းချပေးလျက်ရှိပြီး ပြင်ပစာပေတိုက်များတွင်လည်း ဝယ်ယူဖတ်ရှုနိုင်ရန် ဦးစီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# အောင်မြေသာစံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ခြင်းနှင့် Biometric ကောက်ယူခြင်းများ ကွင်းဆင်းဆောင်ရွက်

မန္တလေး မေ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်မြေသာစံမြို့နယ်ရုံးမှ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၄ ရက်က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ ဓမ္မာရုံတွင် ဆောင်ရွက်ပေးကြသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးကျော်ဆန်း၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ခရိုင်လဝက ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်တို့ လာရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

မြို့နယ် လဝက ဦးစီးမှူး ဦးထွန်းဝင်း ဦးဆောင်သော ဝန်ထမ်းများက ဒေါနဘွားရပ်ကွက်မှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၄၅ ကတ် အပါအဝင် Biometric ကောက်ယူခြင်း ၄၉ ခုကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်အောင်မြို့နယ်၌ မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၃၆၀၀၀၀ ကျော် ပျိုးထောင်ထားရှိ



မြန်အောင် မေ ၅

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော် စသည့် ပျိုးပင်ပေါင်း ၃၆၇၃၃၀ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်-၂ က ပြောသည်။

၂၀၁၆ ခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်စီးပွားရေး ကျွန်းစိုက်ခင်း၊ ရေဝေရေလဲ ထိန်းသိမ်းရေး စိုက်ခင်း၊ သဘာဝတောတန်ဖိုးမြင့် စိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာအခြေပြု ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မ စိုက်ပျိုးခြင်း၊ မိုးရာသီအကြိုနှင့် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲတော်များ ကျင်းပခြင်း၊ ဌာနဆိုင်ရာ/တပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူလူထုသို့ ပျိုးပင်များ အခမဲ့ဖြန့်ဝေ စိုက်ပျိုးခြင်းတို့အတွက် ယခုနှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း ၃၆၇၃၃၀ ကို မြန်အောင်မြို့နယ် အတွင်းရှိ သစ်တောဘိနယ်စခန်း ခြောက်ခုနှင့် နိုင်ငံပိုင်စီးပွားရေး ကျွန်းစိုက်ခင်းများရှိ ပျိုးဥယျာဉ်များအတွင်း ပျိုးထောင်ပြုစုထားရှိကြောင်း သိရသည်။

ဝင်းမိုလ်(ပြန်/ဆက်)

# မူဆယ်မြို့နယ်၌ မိုးစပါး၊ နေကြာမျိုးစေ့နှင့် သဘာဝမြေသြဇာများ ပေးအပ်

မူဆယ် မေ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ မိုးစပါး၊ နေကြာမျိုးစေ့နှင့် သဘာဝမြေသြဇာ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မူဆယ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဦးနှင့် မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းအောင်က မိုးစပါးနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့နှင့်သဘာဝမြေသြဇာပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မျိုးစပါး၊ နေကြာမျိုးစေ့နှင့် သဘာဝမြေသြဇာများကို ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွာဝင်း (ခ) M အောင်ဂျာနှင့် ဦးကျော်သိန်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းအောင်တို့က တောင်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။



ချယ်ရီမြေ(မူဆယ်)

## ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနား ရန်ကုန်၌ ကျင်းပ




ရန်ကုန် မေ ၅

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီရုံး သင်တန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းထံမှ ပေးပို့သည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) သဝဏ်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်သန့်က ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ဇော်က ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်က မြန်မာနိုင်ငံ၏ သတင်းမီဒီယာနှင့် သတင်းလွတ်လပ်ခွင့်အကြောင်း အရာများကို ဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) ဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးပြောကြားခဲ့ကြသည်။

(၃၃)ကြိမ်မြောက် အဖြစ်ကျင်းပသည့် ယခုနှစ် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့(World Press Freedom Day)၏ ဆောင်ပုဒ်မှာ "Shaping a Future at Peace"၊ စာနယ်ဇင်းဖြင့် "ငြိမ်းချမ်းသော အနာဂတ်ကို ပုံဖော်ခြင်း" ဖြစ်ပြီး ယနေ့အခမ်းအနားကို ရည်ရွယ်ချက်လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးလှထွဋ်ဦးနှင့် ကောင်စီဝင်များ၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်သန့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းစာ ဆရာအသင်းနှင့် စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ၊ သတင်းအတတ်ပညာ ကောလိပ်မှ တတိယနှစ် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လင်းရာမ**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၃-၄-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး၌ ၁၅-၁၂-၂၀၂၅ ရက်နေ့မှ ၃-၄-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း ၂၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် လျှောက်ထားသူ ဂျာနယ် ၃ ဦး၊ မဂ္ဂဇင်း ၅ ဦး၊ အထွေထွေ ၄၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၇ ဦး စုစုပေါင်း ၁၁၀ တို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၅၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၆၈၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀၇၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



## အောင်လံမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

အောင်လံ မေ ၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က မိန့်ခွန်းပြောကြားပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ အောင်လံမြို့နယ် ပြည်သူ့ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

## နမ့်ခမ်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးလျက်ရှိ

မူဆယ် မေ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်းရှိ ပြည်သူများအား အစိုးရသစ်လက်ထက် ရက်(၁၀၀)ကာလ လမင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ငွေဆင်အိမ်ရာတွင် ယာယီရုံးခွဲဖွင့်လှစ်ထားရှိပြီး နမ့်ခမ်းမြို့နယ်အတွင်းမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၃(က)ကိုးဦး၊ ၆(က) လေးဦး၊ မွေးတိုး ၁၉ ဦး၊ သေဆုံး ၁၃ ဦး၊ မြို့နယ်တွင်းပြောင်းဝင် ၁၀ ဦး ပြောင်းထွက်သုံးဦး စုစုပေါင်း ၅၈ ဦးနှင့် UID ကောက်ယူခြင်း ၄၀ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ဝါးခယ်မမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များအား သင်တန်းပို့ချ

ဝါးခယ်မ မေ ၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များအား စီမံချက်ရေးဆွဲနည်းနှင့် AVIP သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းသား ၁၈ ဦးအား စီမံချက်ရေးဆွဲနည်း၊ AVIP နှင့် ပတ်သက်သည့် အကြောင်းအရာများကို နှစ်ရက်ကြာဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

ဝါးခယ်မမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀) စီမံချက်တွင် ကနစိုးကုန်းကျေးရွာ၊ တုံးလုံချောင်းကျေးရွာများ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**



## ရေတာရှည်မြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေး

ရေတာရှည် မေ ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းထွန်းမြင့် ဦးဆောင်မှုဖြင့် ဝန်ထမ်းများနှင့် (CAHW)တိရစ္ဆာန်ကျန်းမာရေးနှင့် အခြေခံလုပ်သားများက ဘိုးတော်ကုန်းကျေးရွာအုပ်စု ရွှေပြည်ကုန်းကျေးရွာနှင့် ဘိုးတော်ကုန်းကျေးရွာများမှ နွားမွေးမြူသူတောင်သူ ၂၃ ဦး မွေးမြူထားရှိသည့် နွားကောင်ရေ ၁၈၀ အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးနှင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးသည်။

ထို့နောက် တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း၊ မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းနှင့် နို့စားနွားတိုးချဲ့မွေးမြူခြင်းကြောင့် ရရှိလာသည့်အကျိုးအမြတ်များ အကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား နှစ်ဦးနှင့် နီပေါနိုင်ငံသား တစ်ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘူရွန်ဒီနိုင်ငံသား လေးဦး၊ ကင်ညာနိုင်ငံသား သုံးဦးနှင့် ယူဂန်ဒါနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေလ ၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၃၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားနိုင်ငံသို့ သယ်ဆောင်မည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် မေ ၅

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မလေးရှားသို့ သယ်ဆောင်မည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရန်ကုန်မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်သို့ထွက်ခွာမည့် လေယာဉ်ဖြင့် လိုက်ပါမည့်ခရီးသည် တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက်နေ မျိုးညီညီဟိန်း(၃၂ နှစ်) နှင့် မနှင်းသဇင်ဦး (၂၉ နှစ်)တို့ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၂၆ ဒသမ ၆ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် အလားတူလေယာဉ်ဖြင့် လိုက်ပါမည့်ခရီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေ တင်အောင်သန်း(၃၂ နှစ်)၊ မခင်သန္တာဝင်း(၃၃ နှစ်)၊ ရေတွင်းကုန်းရပ်ကွက်နေ ခင်မောင်သန်း(၄၁ နှစ်) နှင့် ချမ်းမြေ့ပိုင်(၂၄ နှစ်) တို့ လေးဦးထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆ ဒသမ ၀၅ ကီလိုကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို လက်ခံ၍ ပို့ဆောင်ပေးသည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ကုမ္ပဏီရုံးခန်းကို ဝင်ရောက်ရှာဖွေရာ မင်္ဂလာတောင်ညွန့် မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ မထက်ဇေရီ(၂၃ နှစ်)နှင့် ဖို့မြေရပ်ကွက်နေ မကြယ်စင်လင်းလဲ့ (၁၉ နှစ်)တို့ နှစ်ဦးထံမှ အိုက်စ် (မက်သ်အဖက်တမင်း) ၉ ဒသမ ၅ ကီလိုကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးရန်အပ်နှံသူ အောင်မြေသာစံမြို့နယ် နှင်းဆီတန်ဖိုးနည်း အိမ်ရာနေ အောင်ကျော်ဝင်း(ခ)အောင်အောင် (၄၁ နှစ်) နှင့် ၎င်း၏ဇနီး မသန္တာလွင် (၄၆ နှစ်)တို့အား လားရှိုးမြို့ ရပ်ကွက်(၂)ရှိ ဟိုတယ်၌ အိုက်စ်(မက်သ်အဖက်တမင်း) တစ်ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်း ဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၃၁၆၇၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ဒသမ ၁၅ ကီလို သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူ တင်အောင်သန်း၊ ခင်မောင်သန်း၊ ခင်သန္တာဝင်း (မ) နှင့် ချမ်းမြေ့ပိုင်တို့အား သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆ ဒသမ ၀၅ ကီလိုနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးရန် စေခိုင်းသူမှာ သီပေါမြို့နယ် လင်တိကျေးရွာနေ လောက်ချီ (ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကိုဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းဘွဲ့မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ



ဘားအံ မေ ၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်မရှိသူများ ထုတ်ပေးခြင်းကို နောကောကျေးရွာအုပ်စု၌ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လှိုင်းဘွဲ့မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစည်သူအောင်နှင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ အသစ်ပြုလုပ်ပေးခြင်း၊ ပျောက်ဆုံး/ ပျက်စီးမှုရှိပါက မိတ္တူပြုလုပ်ပေးခြင်း၊ အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင် အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈နှစ်ပြည့် လဲလှယ်ခြင်းတို့ကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးစိုးအေး(ပြန်/ဆက်)**

## ဘားအံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

ဘားအံ မေ ၅

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်မရှိသူများ ထုတ်ပေးခြင်းကို ဧပြီလ တတိယပတ်မှ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြိုင်ကလေး ကျေးရွာအုပ်စု မြိုင်ကလေး တိုက်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဘားအံခရိုင် ဦးစီးမှူး ဦးဝင်ကိုစိုးနှင့် ဘားအံမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးခြင်း၊ ပျောက်ဆုံး/ပျက်စီးမှုရှိပါက မိတ္တူပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် လဲလှယ်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# တပ်မတော်စစ်ကြောင်းများက KIA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား ပြန်လည်ထိန်းချုပ်

**နေပြည်တော် မေ ၅**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်ဒေသများ၌ အကြမ်းဖက်ချေမှုန်းစစ်ဆင်ရေးများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ပြီး အဆင့်ဆင့်ပြန်လည်ထိန်းချုပ်လျက်ရှိရာ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော ကသာခရိုင် အင်းတော်မြို့ကို ဧပြီ ၃၀ ရက်တွင် အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ် မော်လူးမြို့အား ထပ်မံ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။


မော်လူးမြို့သည် ကသာခရိုင် အင်းတော်မြို့နယ်တွင်ပါဝင်သည့် မြို့တစ်မြို့ဖြစ်ပြီး အင်းတော်မြို့၏ မြောက်ဘက် မိုင် ၂၀ အကွာတွင်တည်ရှိကာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ဆက်သွယ်ထားသော အချက်အချာကျသည့် ပြည်နယ်ချင်းဆက်လမ်းတစ်လမ်းဖြစ်သော ရွှေဘို - မြစ်ကြီးနားကားလမ်းဘေး၌တည်ရှိရာ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အရေးကြီးသည့်နေရာတွင်တည်ရှိသော ဒေသတစ်ခုဖြစ်သည်။

တပ်မတော်စစ်ကြောင်းများသည် အင်းတော်မြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီးနောက် အဆိုပါဒေသတစ်ဝိုက် နယ်မြေရှင်းလင်းခြင်း၊ အောင်မြေချဲ့ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ပြီး မော်လူးမြို့အား ဆက်လက်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး စစ်ကြောင်းများခွဲ၍ စစ်နည်းဗျူဟာမြောက် ချီတက်ရှင်းလင်းခဲ့ရာ အင်းတော်မြို့နှင့် မော်လူးမြို့အကြားရှိ နားမကြိုင်းရွာ၊ ပင့်တင်ရွာနှင့် နဘားကြီးရွာတို့အား

**စာမျက်နှာ ၁၆ သို့ ✣**



တပ်မတော်စစ်ကြောင်းများ မော်လူးမြို့သို့ ချီတက်သိမ်းပိုက်စဉ် ကျေးရွာများမှ ဒေသခံပြည်သူများက အောင်သပြေပန်းများဖြင့် ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုကြစဉ်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်စဉ်။







တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ဌာနဆိုင်ရာအဆောက်အအုံများအား ဖျက်ဆီး၍ ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



မော်လူးမြို့သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်စဉ် လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင်လုပ်ကိုင်နေသော စက်သုံးဆီသိုလှောင်သည့် နေရာများမှ ပီပါခွံများအား သိမ်းဆည်းရရှိမှုကို တွေ့ရစဉ်။



မော်လူးမြို့သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်စဉ် လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင်လုပ်ကိုင်နေသော စက်သုံးဆီသိုလှောင်သည့် နေရာများမှ ဆီသိုလှောင်ကန်များအား သိမ်းဆည်းရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက တရားမဝင်စက်သုံးဆီများ သယ်ဆောင်သည့် မော်တော်ယာဉ်အား သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

# မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး မုဒုံမြို့နယ် အဇင်းဥယျာဉ်ခြံနှင့် ပန်းတိုင်သီးနှံများ စိုက်ပျိုးနိုင်မှု ကွင်းဆင်းကြည့်ရှု



မုဒုံ မေ ၅

မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မုဒုံမြို့နယ်ရှိ အဇင်းဥယျာဉ်ခြံသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးသည် မုဒုံမြို့နယ် နိုင်းပြိုင်ကျေးရွာရှိ ပန်းတိုင်သီးနှံများ စိုက်ပျိုးနိုင်မှု အခြေပြုစစ်တမ်းကောက်ယူမှု ပြုလုပ်နေသည့် တောင်သူများနှင့် တွေ့ဆုံရာတွင် သီးနှံအထွက်နှုန်း ကွာဟချက်များ ဆန်းစစ်ခြင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် အချက်အလက်များ ပြုစုပညာပေးနိုင်ရေး၊ လယ်သမားတစ်ဦးစီ၏ မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ အခက်အခဲများကို လူဗဟိုပြုလေ့လာ၍ လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်း ကွာဟချက်ကို နှစ်စဉ် ဆောင်ရွက်နိုင်ကြရန် လိုကြောင်းပြောကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ တောင်သူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)



# မိုင်းရယ်မြို့နယ်၌ လက်သမားသင်တန်းဖွင့်ပွဲ ကျင်းပ

မိုင်းရယ် မေ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် နားခိုကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းကို မေ ၅ ရက်မှ ၁၉ ရက်အထိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာကြီးကြပ်မှုဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လွိုင်လင်မြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

လွိုင်လင် မေ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြဆောင်ရွက်ကြပြီး လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်က တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ပင်လုံနယ်မြေခံတပ်ရင်းမှူးက ငွေကျပ်တစ်သိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးက ငွေကျပ်သုံးသိန်းနှင့် ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်က ငွေကျပ်သုံးသောင်း ပေးအပ်ရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက လက်ခံရယူသည်။ ယင်းနောက် မီးသတ်ဦးစီးဌာနက ခင်းကျင်းပြသထားသော ပြခန်းအား တပ်နယ်မှူးနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

လွိုင်လင်မိုး





# ဗဟန်းအမျိုးသမီးဆေးရုံ၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၅

ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၆) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမာရွတ်ခရိုင် ဗဟန်းမြို့နယ်ရှိ ဗဟန်းအမျိုးသမီးဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက မွေးစမှ အသက်(၁)နှစ်ခွဲအထိ ကလေးငယ်များအား အသက်အလိုက် ပုံမှန်ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်း အစီအစဉ် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် ခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ ပူးပေါင်းပါဝင်၍ ကာကွယ်ဆေးလာရောက်ထိုးနှံသည့် ကလေးငယ်များအား သောက်ရေသန့်နှင့် အရုပ်များ လက်ဆောင်ပေးအပ်ခဲ့ကြောင်းသိရသည်။

အောင်မြင့်(ပြန်/ဆက်)

# လှိုင်းဘွဲ့မြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

ဘားအံ မေ ၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကော့လှိုင်းကျေးရွာ၌ မေ ၄ ရက် နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေထယ်ရေးလှန်ခြင်း၏ အကျိုးကျေးဇူးများ၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ မိုးသီးနှံအထွက်နှုန်း တိုးတက်ရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲများကို ကျင်းပသည်။

အဆိုပါ တောင်သူအသိပညာပေး ဆွေးနွေးဟောပြောပွဲသို့ ကော့လှိုင်းကျေးရွာ၊ မရမ်းအူကွင်းနှင့် မရမ်းအူကုန်းကျေးရွာတို့မှ တောင်သူ ၄၅ ဦး တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စူပါဘိုကာရှိသဘာဝမြေဆွေး ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြုလုပ်ပြသကာ တောင်သူများအား အသင့်သုံးအီးအမ်နှင့် ပိုက်ဆံလျှော်မျိုးစေ့ထုပ်များကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်တွင် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ အတွင်း မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေထယ်ရေးလှန်ခြင်း ဧက ၁၀၀၀၀၀၊ ပိုက်ဆံလျှော်ကြဲပက်စိုက်ပျိုးခြင်း ဧက ၈၀၀၊ ထုံးထည့်ခြင်း ဧက ၄၀၀၀၀၊ စူပါဘိုကာရှိမြေဆွေးထည့်သွင်းခြင်း ဧက ၈၀၀၀၊ သဘာဝမြေဆွေးထည့်သွင်းခြင်း ဧက ၁၅၀၀ ခန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကျောက်မဲမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားကတ်နှင့် UID ကတ်ထုတ်ပေး

ကျောက်မဲ မေ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်အရ အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းနှင့် Biometric UID ဇီဝအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို မေ ၃ ရက် နံနက်ပိုင်းတွင် အမှတ်(၈)ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ထမ်းများက ကွင်းဆင်းစိစစ် ဆောင်ရွက်ပေးနေမှုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်နှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကွင်းဆင်းဆောင်ရွက်**

အဆိုပါစီမံချက်ကို သတ်မှတ်ကာလအတွင်း မြို့ပေါ်ရပ်ကွက်ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စုခြောက်အုပ်စုတို့တွင် စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ဖျာပုံ မေ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၌ မေ ၅ ရက်တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက်ပိုင်းတွင် ဖျာပုံခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်မှုဖြင့် ခရိုင်နှင့်မြို့နယ်မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်မိသားစုများနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ စုပေါင်း၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး အငြိမ်းစားတပ်ဖွဲ့ဝင်များအား ဂါရဝပြု ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

# ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျသုခဝါဆိုကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တစန္ဒိမာ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် မေ ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါမြောက်ရပ်ကွက် ဇေယျသုခဝါဆိုကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တစန္ဒိမာ (အဂ္ဂမဟာပဏ္ဍိတ) သက်တော် ၉၀နှစ် သိက္ခာ ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (၃-၅-၂၀၂၆ ရက်) တနင်္ဂနွေနေ့ ည ၉ နာရီ ၁၁ မိနစ် အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ၉-၅-၂၀၂၆ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ခန္တီးမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်လှစ်

**ခန္တီး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲကို မေ ၄ ရက်က ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဇော်ငြိမ်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်စိုးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ သင်တန်းသူစုစုပေါင်း ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၂ ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**အေးခိုင်(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ



**ပေါက်ခေါင်း မေ ၅**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးဌာန ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသူအောင်က ဦးဆောင်၍ သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားရွတ်ဖတ်ခြင်းများ ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့အလယ်ရှိ ဗိုလ်ချုပ်ကျောက်ရုပ်တွင် စုပေါင်းအလေးပြုပြီး မြို့တွင်းလှည့်လည်ကာ နှစ်(၈၀)ပြည့်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

### ❖ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီမှ

ကျင်းပခဲ့သည့် MNL League Cup ပြိုင်ပွဲကို ၂၀၂၆-၂၀၂၇ ရာသီတွင် မကျင်းပဘဲ ရှုံးထွက်ပြိုင်ပွဲ ပြန်လည်ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်၏ ထုတ်ပြန်ချက်အရ MNL ပြိုင်ပွဲတွင် ၁၂ သင်း၊ MNL-2 ပြိုင်ပွဲတွင် ရှစ်သင်း၊ အမျိုးသမီးလိဂ်တွင် ကိုးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL ယူ-၂၀ လူငယ်လိဂ်တွင်မူ ၁၃ သင်း သို့မဟုတ် ၁၄ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ရာသီ ပြည်တွင်းဘောလုံးပြိုင်ပွဲများအနက် လူငယ်လိဂ်ပြိုင်ပွဲကို စတင်ကျင်းပမည်ဖြစ်ပြီး မေလတွင် စတင်ကျင်းပရန် လျာထားကြောင်း သိရသည်။ လိဂ်ပြိုင်ပွဲများအနက် လာမည့်ရာသီ MNL ပြိုင်ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်နိုင်သလို ပရိသတ်စိတ်ဝင်စားမှုလည်း မြင့်တက်လာဖွယ်ရှိနေသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-စိုးညွန့်သော်**

### ❂ အဲဗာတန်မှ

သွင်းဂိုးတွေကို တီယာနိုဘယ်ရီကနှစ်ဂိုး၊ အိုဘရီယန်က တစ်ဂိုးသွင်းယူပေးခဲ့ကာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ဒိုကူကနှစ်ဂိုး၊ ဟာလန်းက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မန်စီးတီးအသင်းက ပရီမီယာလိဂ်ပွဲစဉ် (၃၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၇၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၂) နေရာမှာ ရပ်တည်နေပြီး အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းက မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားထားကာ ရမှတ် ၇၆ မှတ် ရရှိထားတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အဲဗာတန်အသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့ပေမယ့် ပရီမီယာလိဂ်နောက်ဆုံး ၁၂ ပွဲအထိ ရှုံးပွဲမရှိကစားနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ အဲဗာတန်အသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ် (၃၅) အပြီးမှာ ရမှတ် ၄၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၁၀) နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

### ❍ အာရှဖလားမှ

မေ ၄ ရက်က ကျင်းပသည့် အုပ်စု (A) ဒုတိယနေ့တွင် ထိုင်းအသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်တရုတ်အသင်းက ဗီယက်နမ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မေ ၅ ရက်က ကျင်းပသည့် အုပ်စု (B) နှင့် (C) ဒုတိယနေ့တွင် ဂျပန်အသင်းက အိန္ဒိယအသင်းကို သုံးဂိုး-ဂိုးမရှိ၊ မြောက်ကိုရီးယားအသင်းက ဖိလစ်ပိုင်အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ တောင်ကိုရီးယားအသင်းက တရုတ်တိုင်ပေအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး လက်ဘနွန်အသင်းနှင့် သြစတြေးလျအသင်း တစ်ဂိုးစီသရေကျခဲ့သည်။

နှစ်ပွဲစီကစားအပြီးတွင် ကွာတားဖိုင်နယ်တက်ရောက်သည့် လေးသင်း ထွက်ပေါ်ထားပြီး အုပ်စု (A) မှ အိမ်ရှင်တရုတ်၊ အုပ်စု (B) မှ ဂျပန်၊ အုပ်စု (C) မှ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားအသင်းတို့ အစောဆုံးတက်ရောက်ထားသည်။ အုပ်စု (A) တွင် တရုတ်အသင်းက ခြောက်မှတ်၊ ထိုင်းအသင်းက လေးမှတ်၊ ဗီယက်နမ်အသင်းက တစ်မှတ်၊ မြန်မာအသင်းက အမှတ်မရသေးပေ။ ပြိုင်ပွဲကျင်းပနေသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံးနှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဗီယက်နမ်ကို အနိုင်ကစားနိုင်ရန် ယခင်နှစ်ပွဲထက် ပိုမိုကောင်းမွန်သည့် ခြေစွမ်း၊ အဆုံးသတ်ပိုင်း ပြသနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် မေ ၇ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-MFF**

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် မိုးညှင်းမြို့ နားခါမြောက်ရပ်ကွက် ဇေယျသုခဝါဆိုကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် ကချင်ပြည်နယ်၊ မိုးညှင်းမြို့ နန့်စီးအောင်ကျေးရွာ ခမည်းတော် ဦးဘိုးညွန့် + မယ်တော် ဒေါ်ပွဲမှီတို့က ၁၂၉၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၃ ခုနှစ် တပေါင်းလဆန်း ၅ ရက်နေ့တွင် အင်းတော်မြို့နယ် ကူးဆိပ်ကျေးရွာ ကူးဆိပ်ခိုးကောင်ကျောင်း ဆရာတော် ဘဒ္ဒန္တတိလောကကို ဥပဇ္ဈာယ်ပြု၍ ဦးထွန်းမြိုင်၊ ဒေါ်ခင်စန်းရီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၈ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် အင်းတော်မြို့နယ် ငွေ့ကြီးနန့်ရုံကျေးရွာ ငွေ့ကြီးနန့်ရုံကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် အင်းတော်မြို့နယ် ကူးဆိပ်ခိုးကောင်ကျောင်းဆရာတော် ဘဒ္ဒန္တတိလောက၊ ဝန်းသိုမြို့ ခန္တီးကျောင်းဆရာတော် ဘဒ္ဒန္တသုဇန စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၉ ခုနှစ်တွင် **"သာသနဓဇ ဓမ္မာစရိယ"** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၈ ခုနှစ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုး ဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာ နာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာ ဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀ နှစ်၊ သိက္ခာ ၇၀ ဝါအရ ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (၃-၅-၂၀၂၆ ရက်) တနင်္ဂနွေနေ့ ည ၉ နာရီ၁၁ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၉-၅-၂၀၂၆ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၅**

ယနေ့ည ၇ နာရီ ၅၃ မိနစ် ၃၄ စက္ကန့် အချိန်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် (၁၀၉) မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ခန္တီးမြို့၏ အရှေ့တောင်ဘက် ၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၈၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၇၇ ဒီဂရီ၊ အနက် ၈၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ပညာရေးနည်းပြများအလိုရှိသည်

၁။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများနှင့် ပညာရေးကျောင်းများတွင် ပညာရေးနည်းပြ(စာပေ) အဖြစ် အမှုထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ပညာရေးဘွဲ့ရရှိသူများအား ဦးစားပေးမည်။)

( ဂ ) အသက် ၃၀ နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးကောင်းမွန်ရမည်။

( င ) မည်သည့် ပညာရေးကျောင်းများတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများ ယူဆောင်လာရမည်-

(က) ကိုယ်ရေးအချက်အလက်။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့် မိတ္တူ)။

( ဂ ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်းနှင့် မိတ္တူ)။

(ဃ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိကြောင်း ထောက်ခံချက်၊ သို့မဟုတ် ဘွဲ့လက်မှတ် (မူရင်းနှင့် မိတ္တူ)။

( င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်နှင့် ရဲတပ်ဖွဲ့စခန်းတို့မှ ထောက်ခံချက်များ။

၃။ လျှောက်ထားလိုပါက အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးခံရန် အောက်ပါပညာရေးကျောင်းများသို့ ၁၅-၅-၂၀၂၆ ရက်မှစ၍ လူကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်သည်-

(က) အမှတ်(၁)တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း(ရဲမွန်မြို့)။

( ခ ) အမှတ်(၂)တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း(နေပြည်တော်)။

( ဂ ) အမှတ်(၁)ပညာရေးကျောင်း(မြိတ်မြို့)။

(ဃ) အမှတ်(၂)ပညာရေးကျောင်း(မိတ္ထီလာမြို့)။

( င ) အမှတ်(၃)ပညာရေးကျောင်း(အောင်ပန်းမြို့)။

( စ ) အမှတ်(၄)ပညာရေးကျောင်း(ရဲမွန်မြို့)။

(ဆ) အမှတ်(၅)ပညာရေးကျောင်း(တောင်ငူမြို့)။

( ဇ ) အမှတ်(၆)ပညာရေးကျောင်း(မော်လမြိုင်မြို့)။ ။

( ဈ ) အမှတ်(၇)ပညာရေးကျောင်း(မြစ်ကြီးနားမြို့)။

(ည) အမှတ်(၈)ပညာရေးကျောင်း(လားရှိုးမြို့)။

( ဋ ) အမှတ်(၉)ပညာရေးကျောင်း(ပုသိမ်မြို့)။

( ဌ ) အမှတ်(၁၀)ပညာရေးကျောင်း(စစ်တွေမြို့)။

( ဍ ) အမှတ်(၁၁)ပညာရေးကျောင်း(မုံရွာမြို့)။

( ဎ ) အမှတ်(၁၂)ပညာရေးကျောင်း(ကျိုင်းတုံမြို့)။

၄။ ရွေးချယ်ခန့်အပ်ခြင်းခံရပါက အောက်ပါအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်-

(က) **လစာ**

| | အဆင့်/အတန်း | အခြေခံလစာ | နှစ်တိုး | ပေါင်း |
|---|---|---|---|---|
| (၁) | တပ်ကြပ်ကြီး/နည်းပြ(စစ်သည်အစားခန့်) | ၁၉၈၀၀၀ | ၂၀၀၀ | ၂၀၈၀၀၀ |
| (၂) | ဒုတိယအရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၁၆၀၀၀ | ၂၀၀၀ | ၂၂၆၀၀၀ |
| (၃) | အရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၃၄၀၀၀ | ၂၀၀၀ | ၂၄၄၀၀၀ |

**မှတ်ချက်**။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၀၀၀၀ ကျပ်အထိ ခံစားခွင့်ရှိသည်။ အပိုထောက်ပံ့ငွေအား နိုင်ငံ့ဝန်ထမ်းများနည်းတူခံစားခွင့်ရှိသည်။

( ခ ) နေအိမ်၊ ရေ၊ မီးနှင့် တပ်မတော်ဆေးရုံ/ဆေးခန်းများတွင် ဆေးကုသခွင့် အခမဲ့ ခံစားခွင့်ရရှိမည်။

( ဂ ) လုပ်သက် ၅ နှစ်ပြည့်ပါက ပညာရေးဒီပလိုမာ စာပေးစာယူသင်တန်းသို့ တက်ရောက်ခွင့်ရရှိရေး ဆောင်ရွက်ပေးမည်။

(ဃ) သက်ဆိုင်ရာကျောင်းမှ ကျောင်းဝတ်စုံ တစ်နှစ်လျှင် ၂ စုံနှုန်း ထောက်ပံ့ပေးခြင်းနှင့် အခြား ထောက်ပံ့မှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးမည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာပညာရေးကျောင်းများနှင့် ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ရှမ်းပြည်နယ် ကုသရေးဦးစီးဌာန(တောင်ကြီး)နှင့် လွိုင်လင်ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ပြည်နယ်ကုသရေးဦးစီးဌာန(ကျိုင်းတုံ)နှင့် ကျိုင်းတုံပြည်သူ့ဆေးရုံကြီး တို့၏ ၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများအား ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စတင်ရောင်းချမည့် ရက်နှင့်အချိန် - ၅-၅-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀း၀၀) နာရီ
တင်ဒါပိတ်ရက် - ၂၀-၅-၂၀၂၆ (ဗုဒ္ဓဟူးနေ့) ညနေ(၄:၃၀)နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ကုသရေးဦးစီးဌာန (တောင်ကြီး) ဖုန်း-၀၈၁-၂၁၂၁၀၆၉၊ ၀၉-၂၅၆၀၁၇၇၀၃၊ ၀၉-၇၅၀၆၇၈၅၃၀ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကော်မတီ**
**ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ (ဦးကြည်ဝင်း) အမည်ပေါက် ပါမစ်မြေကွက်အမှတ်(၄၃၇)၊ (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်ထဲမှ မြေကွက်အမှတ်(၄၃၆)နှင့် ကပ်လျက်ရှိသည့် (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်နီနီဦး [၅/ကဘလ(နိုင်)၁၀၈၅၃၆]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမြင့်ဆွေဦး [၁၂/ဗဟန(နိုင်)၀၂၄၉၃၉]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် အရောင်းအဝယ်ကို တရားဝင်ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လှသီ B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၃၄၆)**
**ဖုန်း- ၀၉-၄၃၀၇၂၄၄၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ဒါးပိန်လမ်းခွဲနေ ဦးကျင်သိန်း [၁၂/လကန(နိုင်) ၁၁၉၇၈၄]နှင့် ဒေါ်တင်သန်း [၁၂/လကန(နိုင်) ၁၁၉၇၈၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးကျင်သိန်းနှင့် ဒေါ်တင်သန်းတို့၏ သားအကြီးဆုံးဖြစ်သူ မောင်အောင်မျိုးသူ [၁၂/လကန(နိုင်) ၁၉၆၉၈၆]သည် မိဘများ၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘနှစ်ပါး၏ ကိုယ်စိတ်နှလုံး ထိခိုက်ဆင်းရဲစေသည့် ခွင့်မလွှတ်နိုင်သော အပြုအမူလုပ်ရပ်များအပြင် မိဘများသိရှိခြင်းမရှိဘဲ ၎င်းတစ်ဦးတည်း သဘောဆန္ဒအလျောက် ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာများကို လုပ်ဆောင်ခဲ့သဖြင့် ၎င်းအား (ယနေ့)မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

မောင်အောင်မျိုးသူအနေဖြင့် ၎င်းအား အမွေပြတ်မစွန့်လွှတ်မီနှင့် ယခုစွန့်လွှတ်ကြောင်း ကြေညာပြီး နောက်ပိုင်း ၎င်းပြုလုပ်ခဲ့သည့် ငွေရေးကြေးရေး အရှုပ်အရှင်းပြဿနာများ၊ လူမှုရေးအရှုပ်အရှင်းကိစ္စများအပြင် အခြားမည်သည့်ကိစ္စကိုမှ မိဘများအနေဖြင့် လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**(သူရိန်) ဦးအောင်မြင့် (B.A.R.L, D.M.A.DL – 101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၇၄/၈၀)**
**တိုက်အမှတ်- ၃၊ အခန်း-(၄)၊ ကြို့ကုန်းရိပ်သာ၊**
**ကြို့ကုန်းအနောက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၀၂၆၅၂၀၊ ၀၉-၂၆၂၉၀၀၀၅၃**

## "ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၄)လမ်း၊ တိုက်အမှတ်(၅)၊ မြေညီထပ်(အေ)နေ ဦးလှိုင်မြင့် [၁၂/ သဃက (နိုင်) ၁၂၉၂၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်မြင့်နှင့် ၎င်း၏ဇနီး ဒေါ်ထားထားကြည် [၁၂/ဒဂန(နိုင်) ၀၁၄၂၃၈]တို့သည် (၆-၃-၁၉၉၇)ရက်နေ့မှစ၍ လက်ထပ်ထိမ်းမြားပေါင်းသင်းနေထိုင်ခဲ့ကြပြီး သမီး (၁)ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှာ ရောဂါဝေဒနာကို ပြင်းထန်စွာ ခံစားခဲ့ရပြီး ကျန်းမာရေးချို့တဲ့လာခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်မိတ်ဆွေ၏ ဇနီး ဒေါ်ထားထားကြည်သည် ကျန်းမာရေးမကောင်းသောခင်ပွန်းကို ပြုစုစောင့်ရှောက်ရန် ဆန္ဒမရှိကြောင်းပြောဆို၍ (၁၁-၃-၂၀၂၀)ရက်နေ့၌ ခင်ပွန်း၏ အစ်မဖြစ်သူနေအိမ်သို့ လာရောက်ပို့ဆောင်ထားရစ်ခဲ့ပြီး ယနေ့တိုင် စွန့်ခွာနေထိုင်ခဲ့ပါသည်။ ထိုသို့ စွန့်ခွာနေထိုင်ခဲ့သည့် ကာလတစ်လျှောက်လုံးတွင်လည်း ကျွန်ုပ်မိတ်ဆွေ၏ ဇနီးဖြစ်သူသည် ဇနီးကျင့်ဝတ်ကို လုံးဝပျက်ကွက်ရုံသာမက ကျန်းမာရေးမကောင်းသည့် ခင်ပွန်းထံသို့ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်လာပြီး စိတ်သောကရောက်စေ၍ ဂုဏ်သိက္ခာထိခိုက်စေမည့် ပြောဆိုမှုများဖြင့် စိတ်နှလုံးမချမ်းမြေ့အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ ဆက်လက်ပေါင်းသင်းလိုသည့် ဆန္ဒမရှိတော့၍ ယနေ့မှစ၍ ဇနီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မှ သက်ဆိုင်ခြင်းမရှိတော့ဘဲ လင်ခန်းမယားခန်း ပြတ်စဲကြပြီဖြစ်ကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း တာဝန်ယူမည်မဟုတ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထက်ထက်ကျော် LL.B, D.B.L, D.I.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၅၇၀)**
**အမှတ်(၃၈၆)၊ ဓမ္မရိပ်သာလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၄၆၉၁၁၂၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ဗဟိုအဆင့်ဆေးရုံကြီးများအပါအဝင် ခုတင်(၅၀၀)၊ ခုတင် (၃၀၀)နှင့် ခုတင်(၂၀၀)အဆင့် ဆေးရုံကြီးများတွင် အသုံးပြုရန်လိုအပ်သော ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမည့် Test အမျိုးအစားများပါဝင်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်- 4DMS/ 2026-2027(L)ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ကုသရေးဦးစီး ဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - | ၅-၅-၂၀၂၆ ရက်နေ့၊ (အင်္ဂါနေ့) |
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ | - | ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၁၉-၅-၂၀၂၆ ရက်၊ (အင်္ဂါနေ့) မွန်းတည့် (၁၂:၀၀)နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၆၃၅၊ ၀၆၇-၃၄၁၁၅၄၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (လင်းလွန်း/မြောက်)ရပ်ကွက်၊ ကြံခင်းလမ်း၊ တိုက်အမှတ်(၃၁)၊ အခန်းအမှတ် (မြေညီထပ်)၊ (ခေါင်းရင်းဘက်ခြမ်း) ဟုခေါ်တွင်သည့် တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းဌေး [၇/ရတန(နိုင်)၀၄၀၈၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင်(LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၁၅၆)**
**ဖုန်း- ၀၉-၄၂၁၁၂၃၃၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်းကွန်ဒို၊ လှိုင်မြင့်မိုရ်လမ်း(ကန်လမ်း)၊ အမှတ်(၉၈)၊ အခန်းအမှတ်(2/C)(၂)၊ လွှာဟုခေါ်တွင်သည့် အကျယ် (၁၆၂၂)စတုရန်းပေရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းအေး [၈/ဆပဝ(နိုင်) ၀၀၂၄၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင်(LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၁၅၆)**
**ဖုန်း-၀၉-၄၂၁၁၂၃၃၇၁**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ရွှေဘာကုန်းလမ်း၊ အမှတ် (၁၉၂၂) ဟုခေါ်တွင်သည့် အလျား ၁၅'x အနံ ၄၅' အတိုင်းအတာရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်ခွဲတိုက်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား နော်ဒိုင်းနာ [၁၂/အစန(နိုင်) ၀၁၄၃၇၅] ကိုင်ဆောင်သူက ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းကွယ်လွန်သွားပြီးနောက် ၎င်း၏မောင်နှမ (၅)ဦးက ဆက်ခံပိုင်ဆိုင်ကြောင်း ၄-၅-၂၀၂၆ ရက်နေ့တွင် ဝန်ခံကတိစာချုပ်ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းလာသည်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေက ၎င်းတို့ထံမှ အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးလည်းဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**စောအယ်ထူး**
**အထက်တန်းရှေ့နေ (စဉ်- ၄၄၇၈၉)**
**အမှတ်- ၁၅၃၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၁-၃၆၄၀၄၁၁၊ ၀၉-၈၈၅၀၈၂၁၂၉**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်အမှတ် (ဘီ-၃)၊ အခန်းအမှတ် (၄၀၄)၊ (၄ လွှာ)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂ ၁/၂ x၄၅)ပေရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာစွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယုဇနဆောက်လုပ်ရေးကုမ္ပဏီထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအေးလွင် [၁၀/မလမ(နိုင်) ၀၂၆၆၅၇]က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူ ဝန်ခံရောင်းချရာ ဒေါ်ခင်လေးရီ [၁၂/ရကန(နိုင်) ၀၅၇၁၀၄]မှ လက်ရှိလက်ရောက်ဝယ်ယူထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ်- ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲ တင်ပို့ခွင့် မှတ်ပုံတင်လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှု (Expression of Interest – EOI) အဆိုပြုလွှာတင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲ တင်ပို့လိုသည့် ကုမ္ပဏီများအား မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နှစ်နိုင်ငံချုပ်ဆိုထားသော အပင် ကျန်းမာရေးဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ်အရ Sanitary and Phytosanitary (SPS) Protocol သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နှစ်စဉ် ပုံမှန်စိစစ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဆန်/ဆန်ကွဲ တင်ပို့ခွင့်မှတ်ပုံတင်လျှောက်ထားလိုသည့် ကုမ္ပဏီအသစ်များ (ယခင်ခွင့်ပြုထားပြီးသော ကုမ္ပဏီများမပါ)အနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ တရုတ်နိုင်ငံသို့ ဆန်/ ဆန်ကွဲတင်ပို့နိုင်ရေး နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group) (မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)တွင်လည်းကောင်း ရယူပြီး (၁) Hard Copy (၂) Soft Copy (Word file)များဖြင့် (၃၀-၆-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုတင်ပြလျှောက်ထားနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**လျှောက်လွှာရယူရန်နှင့်ဆက်သွယ်ရန်လိပ်စာ**

| | |
|---|---|
| စိုက်ပျိုးရေးဦးစီးဌာန | တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့နိုင်ရေး နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group) |
| သီးနှံကာကွယ်ရေးဌာနခွဲ | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံး (UMFCCI ၉လွှာ) |
| ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း | မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ် |
| အင်းစိန်၊ ရန်ကုန် | |
| Ph- 01-644214 | 01-218266~68 ၊ 01-2301128~29 |
| Email: directorppddoa@gmail.com | Email: admin@mrf.com.mm |

လျှောက်လွှာများအား https://www.doa.gov.mm, https://ppd.doa.gov.mm နှင့် www.umfcci.com.mm တွင် (Download) ဒေါင်းလုပ်ရယူလျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ကြီးပွားရေး/မြောက်၊ မြေကွက်အမှတ် (၁၆၂/ခ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေ မြေကွက်တည်နေရာအမှတ် (၁၆၂/ခ)၊ ကျွန်စစ်သားလမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ညွန့်ညွန့်စိန် (W/MDY-၃၄၁၂၀၅) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်ညွန့်စိန် (ဇနီး) သည် (၆-၁-၂၀၁၄)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးကြည်ဝင်း(ခ) ကြင်ဝင်း[၁၂/သဃက(နိုင်)၀၂၆၁၂၁]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ အမှတ် (၁၅၂၃ / ၂၆-၃-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ် ရပ်ကွက်၊ အကွက်အမှတ် (၄၁၃-က)/ အပိုင်း- ၈၊ ဦးပိုင်အမှတ် (၂၂)၊ ၃၈ လမ်းနှင့် စီးတော်မြင်းဝန်ကျောင်းတိုက်ကြား၊ ငွေတချောင်းမြောင်းလမ်းနှင့် ရေနီမြောင်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်ရှိန် [၁၃/လရန(နိုင်) ၀၅၃၉၅၃]က အမှုတွဲအမှတ် (၀၀၈၃/ ၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း ၂ လမ်းနှင့် ၃ လမ်းကြား၊ ဘန္ဒာပင်လမ်း၊ အမှတ် ၁၅၊ မြေညီထပ် တွင် နေထိုင်သော ဒေါ်ပန်အိကို၊ မှတ်ပုံတင်အမှတ် [၉/ညဥန(နိုင်)၁၉၄၆၁၇]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number- T/2025/000395 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-




**လျှောက်လွှာနံပါတ် – T/2025/000395**

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အရည်အသွေးမြင့်ချည်ထည်များ ရောင်းချသည့်အရောင်းဆိုင်လုပ်ငန်းအား ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ရောင်းချသွားမည့်အပြင် မိမိ၏ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ နာမည်တူ/လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ Social Media Platform များတွင် ကူးယူတုပသုံးစွဲခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပန်အိကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ဇင်မာအောင်** |
| **(LL.B, D.B.L, D.I.L, D.M.L, D.I.P.L)** | **(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်- ၁၄၅၃၇)** | **(စဉ်- ၅၂၆၄၆)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## အများသိစေရန်ကြေညာချက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄-လမ်း၊ အမှတ်(၂၉) အနောက်ရှိအဆောက်အအုံ၏ မူလနေထိုင်သူ ဦးဆုပရာမန်းနီးအမည်ဖြင့်မှတ်သားထားသည့် ပထမထပ် အခန်းအမှတ်(၇)အား ဦးဆုပရာမန်းနီး ကွယ်လွန်သွားသဖြင့် မိခင်ဖြစ်သူ ဒေါ်နော်ကုလားမ အမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၅

နှစ်(၈၁)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၁ (MICC – I) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိ များနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန် ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဦးညိုစော နှစ်(၈၁)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



## အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေ

ရန်ကုန် မေ ၅

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ အာရှဖလား ယူ–၁၇ အမျိုးသမီးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များကို မေ ၄ ရက်၊ ၅ ရက်တို့တွင် ဆက်လက်ကျင်းပခဲ့ပြီး မြန်မာ အသင်းအနေဖြင့် နှစ်ပွဲဆက်အရေးနိမ့်ထားသော်လည်း နောက်ဆုံးပွဲတွင် ဗီယက်နမ် အသင်းကိုအနိုင်ရပါက အကောင်းဆုံးအုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်ချက်ရှိနေသည်။

စာမျက်နှာ ၁၈ ကော်လံ ၂ သို့ ❍

## ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် ပြည်တွင်းပြိုင်ပွဲ ငါးခုကျင်းပရန် မြန်မာနေရှင်နယ်လိဂ် စီစဉ်

ရန်ကုန် မေ ၅

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၆–၂၀၂၇ ဘောလုံးရာသီတွင် ပြည်တွင်းပြိုင်ပွဲ ငါးခုကျင်းပမည်ဖြစ်ကြောင်း တရားဝင် သတင်းထုတ်ပြန်သည်။

မြန်မာနေရှင်နယ်လိဂ်သည် လာမည့် ရာသီတွင် လိဂ်ပြိုင်ပွဲလေးခု၊ ရှုံးထွက် ပြိုင်ပွဲတစ်ခု ကျင်းပမည်ဖြစ်သည်။ လိဂ်ပြိုင်ပွဲများအဖြစ် MNL အမှတ်ပေး ပြိုင်ပွဲ၊ MNL–2 (ပထမတန်း) အမှတ်ပေး ပြိုင်ပွဲ၊ MNL ယူ–၂၀ လူငယ်လိဂ်ပြိုင်ပွဲ၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတို့ ကျင်းပ မည်ဖြစ်ပြီး MNL ကလပ်များနှင့် MNL–2 ကလပ်များ ပါဝင်မည့် ရှုံးထွက်ပြိုင်ပွဲလည်း ကျင်းပမည်ဖြစ်သည်။ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၉ ရာသီတွင် နောက်ဆုံးကျင်းပပြီး နောက် ကာလအတန်ကြာမကျင်းပဘဲ လာမည့်ရာသီမှ ပြန်လည်ကျင်းပမည် ဖြစ်သည်။ ရှုံးထွက်ပြိုင်ပွဲအစား ၂၀၂၄– ၂၀၂၅ ရာသီနှင့် ၂၀၂၅–၂၀၂၆ ရာသီတို့တွင်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖



ပြီးခဲ့သည့်ရာသီ အမျိုးသမီးလိဂ် ချန်ပီယံဆုအဆုံးအဖြတ်ပွဲအဖြစ် ရောဝတီ အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အဲဗာတန်နဲ့ ပွဲစဉ်မှာ မန်စီးတီးအသင်း သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အာဆင်နယ်အသင်းကို လိုက်မီဖို့ ငါးမှတ်ကွာဟသွားပြီဖြစ်

မန်စီးတီးအသင်းဟာ မေ ၄ ရက်ညပိုင်းက အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ် ခဲ့တာကြောင့် အမှတ်ပေးဇယား ထိပ်က အာဆင်နယ်အသင်းကို လိုက်မီဖို့ ငါးမှတ်ကွာဟသွားပြီ လည်း ဖြစ်ပါတယ်။

အဲဗာတန်အသင်းနဲ့ မန်စီးတီး အသင်းတို့ပွဲစဉ်မှာ တစ်ဖက်သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ် ပြီး အဲဗာတန်အသင်းအတွက်

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ❂



အဲဗာတန်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယနေ့ ဖတ်စရာ


တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)စာအုပ် ထုတ်ဝေဖြန့်ချိ
စာမျက်နှာ » ၁၂

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားနိုင်ငံသို့ သယ်ဆောင်မည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄

တပ်မတော်စစ်ကြောင်းများက KIA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား ပြန်လည်ထိန်းချုပ်
စာမျက်နှာ » ၁၅